# ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်လှန်ဆန်းစစ်သော မေးခွန်း ၇ ခု



UWSA အမျိုးသမီးစစ်သည်များအား ၂၀၁၉ ခုနှစ်တွင် ပြုလုပ်ခဲ့သော စစ်ရေးပြအခမ်းအနားတခု၌ တွေ့ရစဉ်
Photo-Ye Aung THU/AFP

## မိတ်ဆက်

NCA ခြောက်နှစ်ပြည့်နှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အထူးကဏ္ဍ (Special Features) အဖြစ် အကြောင်းအရာငါးခုကို အပိုင်းလိုက်ခွဲ၍ ISP-Myanmar က ဖော်ပြနေခြင်းဖြစ်ပါသည်။ ပထမဆုံး အနေဖြင့် **'မြန်မာ့ငြိမ်းချမ်းရေး ဖြစ်တန်ခြေများအား ဖြန့်ထွက်စဉ်းစားခြင်း'** (Scenario Thinking) ကို အောက်တိုဘာ ၁၇ ရက်တွင် ဖော်ပြခဲ့ပြီး၊ **'မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် – အခင်းအကျင်းသစ်နှင့် အသစ်အသစ်သော အင်အားစုများ'** အကြောင်း ပိုင်းခြားစိတ်ဖြာသုံးသပ်ချက် (Analysis) ကို အောက်တိုဘာ ၂၀ ရက်က ဖော်ပြခဲ့ပါသည်။ ယခု **'စစ်အာဏာသိမ်းပြီးနောက်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်လှန်ဆန်းစစ်သော မေးခွန်း ၇ ခု'** (Key Questions) ကို ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူများ၊ သုတေသီများနှင့် လေ့လာသုံးသပ်သူ စုစုပေါင်း ၃၂ ဦးအား ISP-Myanmar က မေးမြန်းခဲ့ပြီး၊ ၎င်းတို့၏ဖြေဆိုချက်များကို ဖော်ပြခြင်းဖြစ်ပါသည်။ နောက်ရက်များတွင် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် သိသင့်သမျှ အကြောင်းချင်းရာ (Backgrounder) နှင့် သိထားသင့်သော ဒေတာအချက်အလက်များအား စုစည်းဖော်ပြမည့် Visual Story တို့ကိုလည်း ဖော်ပြသွားမည်ဖြစ်သည်။

## မာတိကာ

ရလဒ်များအနှစ်ချုပ် စာ - ၂
နောက်ခံအခြေအနေ စာ - ၃
မေးခွန်း ၇ ခုနှင့် ရလဒ်အဖြေများ စာ - ၇

## ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်လှန်ဆန်းစစ်သော မေးခွန်း ၇ ခုနှင့် ရလဒ်များအနှစ်ချုပ်

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပေါ်ပေါက်ခဲ့သည်မှာ ခြောက်နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်ထက်မှာပင် အကျပ်ဆိုက်မှု deadlock ဖြစ်ခဲ့သော ငြိမ်းချမ်းရေးကြိုးပမ်းမှု ဖြစ်စဉ်သည် စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် (စာချုပ်အဖြစ် မည်ကာမတ္တ ကျန်နေသေးသော်လည်း) NCA အကောင်အထည်ဖော်ရေး တရားဝင်လုပ်ငန်းစဉ်အားလုံး ရပ်တန့်နေပြီဖြစ်သည်။ ထို့ကြောင့် NCA ကို အခြေခံသောလုပ်ငန်းစဉ်နှင့် NCA အပေါ် အခြေမပြု သော ပဋိပက္ခနှင့် ငြိမ်းချမ်းရေး အလားအလာများကို ပြန်လည်သုံးသပ်ရန် အဓိကမေးခွန်းများ ထွက်ပေါ်လာပါသည်။ ငြိမ်းချမ်း ရေးနှင့်ပတ်သက်၍ မေးသင့်မေးထိုက်သည်များကို မေးခွန်းထုတ်ခြင်းသည် ကြုံတွေ့နေရသော အကျပ်အတည်းများအား ဖြေရှင်း နိုင်ရန် ပထမခြေလှမ်းအားထုတ်မှု ဖြစ်နိုင်ကောင်းပါသည်။ ထို့ကြောင့် ပဏာမအနေဖြင့် **ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်တွင် ပါဝင်ခဲ့ သူများ၊ EAOs အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ၊ သုတေသီများနှင့် လေ့လာသုံးသပ်သူ ၃၂ ဦးအား ISP-Myanmar က မေးခွန်း ၇ ခု မေးမြန်းထားသည်။** ယခုမေးမြန်းချက်၏ အဖြေများကို ယတိပြတ်အဖြစ် မှတ်ယူသည်ထက် ဆက်လက်စဉ်းစား ဆင်ခြင်နိုင်ရေးအတွက် အညွှန်းပြုစရာ အထောက်အကူအဖြစ် ရည်ရွယ်ပါသည်။

| မေးခွန်းများ | ယူဆပါသည် | မယူဆပါ | မဖြေလိုပါ |
|---|---|---|---|
| NCA သို့မဟုတ် NCA ကို ပြင်ဆင်၍ ရှေ့ဆက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အလုပ်ဖြစ်ဦးမည်ဟု ယူဆပါသလား။ | ၂၁.၉၀ % | ၆၅.၆၀ % | ၁၂.၅၀ % |
| EAOs များအနေဖြင့် တပေါင်းတစည်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက် သော်လည်းကောင်း၊ သီးသန့် တဖွဲ့ချင်းစီသော်လည်းကောင်း စစ်ကောင်စီနှင့် အပစ်အခတ်ရပ်စဲရေး (သို့မဟုတ်) ငြိမ်းချမ်းရေးစာချုပ်သစ်များ ချုပ်ဆိုလာမည်ဟု ယူဆပါသလား။ | ၄၄.၀၀ % | ၄၄.၀၀ % | ၁၂.၀၀ % |
| စစ်ကောင်စီနှင့် EAOs များ၊ PDF များ၏ တိုက်ပွဲပုံသဏ္ဌာန်သည် တိုက်ပွဲကြီးများအဖြစ် အသွင်ပြောင်းလဲသွားပြီး ပြည်တွင်းစစ် ပိုမိုကျယ်ပြန့်နက်ရှိုင်း တာရှည်လာမည်ဟု ယူဆပါသလား။ | ၇၁.၉၀ % | ၁၅.၆၀ % | ၁၂.၅၀ % |
| အဓိက အင်အားကြီး EAOs များနှင့် PDF များအားလုံး ညီညွတ်ပေါင်းစည်း၍ 'တပ်ပေါင်းစု'ဖြင့် စစ်ကောင်စီကို တိုက်ပွဲဝင်နိုင်မည်ဟု ယူဆပါသလား။ | ၃၁.၃၀ % | ၅၆.၃၀ % | ၁၂.၄၀ % |
| EAOs များ၏ ငြိမ်းချမ်းရေးအတွက် အားထုတ်မှုနှင့် နွေဦးတော်လှန်ရေး ဦးတည်ချက်များအောင်မြင်ရန် အားထုတ်မှုများ ဆုံချက်ကျပြီး ပြည်ထောင်စုသစ် တည်ဆောက်ရေးအတွက် မျှော်လင့်နိုင်ပြီဟု ယူဆပါသလား။ | ၃၇.၅၀ % | ၄၆.၉၀ % | ၁၅.၆၀ % |
| စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ပိုမိုရှုပ်ထွေးသည့် ပဋိပက္ခအသစ်များကြောင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် နိုင်ငံတကာ၏ ကြားဝင်ကူညီမှုနှင့် ပံ့ပိုးမှုများ လျော့ပါးသွားမည်ဟု ယူဆပါသလား။ | ၅၃.၁၀ % | ၃၁.၃၀ % | ၁၅.၆၀ % |
| ပြည်တွင်းစစ်နှင့် လက်ရှိ ကျယ်ပြန့်လာသည့် ပဋိပက္ခများကြောင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တိုင်းပြည်ပြိုကွဲရေးအခြေအနေ ကျရောက်သွားနိုင်သည်ဟု ယူဆပါသလား။ | ၆၈.၈၀ % | ၂၅.၀၀ % | ၆.၂၀ % |

## ■ နောက်ခံအခြေအနေ

ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဆက်စပ်အခြေအနေ (context) ကိုကြည့်ရင် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက် မှာ ၂၁ ရာစုပင်လုံ - ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (စတုတ္ထအစည်းအဝေး) လုပ်ခဲ့ပေမဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အကျပ်ဆိုက်မှု (dead-lock) ပြေလည်ခြင်းမရှိဘဲ ဆက်ရှိနေခဲ့ပါတယ်။ အဲဒီ နောက်ပိုင်း လုပ်ငန်းစဉ်သုံးရပ်ပါတဲ့ ငြိမ်းချမ်းရေးအစီအစဉ်သစ်ကို ၂၀၂၀ ပြည့်နှစ်အလွန်မှာ အကောင်အထည်ဖော်ဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရက ပြင်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့ ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်တခုလုံး ရပ်ဆိုင်းသွားပါတယ်။

ငြိမ်းချမ်းရေးဖော်ဆောင်မှု ဒီဇိုင်း (design) ပိုင်းမှာ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကိုယ်တိုင်က အားနည်းချက် ဖြစ်ခဲ့ပါတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ဆုံးဖြတ်ချက်တွေအတွက် အရေးပါတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှာပင်လျှင် တိုင်းရင်းသားတွေရဲ့ သဘောထား၊ ဆွေးနွေးချက်၊ လိုလားချက်တွေ လျစ်လျူရှုခံရတာရှိခဲ့ပါတယ်။ အဆိုးဆုံးက လုံခြုံရေးကဏ္ဍ ဆွေးနွေးချက်တွေ ရှေ့မရောက်တဲ့အပြင် သဘောတူညီချက် တခုမှလည်း မရခဲ့ပါဘူး။ တဖက်မှာလည်း အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှု ပူးတွဲကော်မတီ (JMC) ယန္တရားဟာ လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်ချက်၊ မူဘောင်တွေနဲ့ ရှုပ်ထွေးခဲ့ပြီး လက်တွေ့ကျတဲ့ ဖြေရှင်းပေးမှုတွေ အသက်မဝင်ခဲ့ပါဘူး။ ဒါ့အပြင် တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် ပူးတွဲအကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကျပ်ဆိုက်မှု (deadlock) ကို ဖြေရှင်းပေးနိုင်စွမ်း ကင်းမဲ့ခဲ့ပါတယ်။ NCA ပြင်ပကနေ ဖြေရှင်းဖို့ ကြိုးစားမှုအဖြစ် လုပ်ခဲ့တဲ့ ၁၀+၁၀ လို ထိပ်သီးအစည်းအဝေးကလည်း အလုပ်မဖြစ်ခဲ့ပါဘူး။ NCA ကိုပဲ အခြေပြုပြီး ဖော်ဆောင်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်တာကြောင့် NCA ထိုးမထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေ ပါဝင်နိုင်ဖို့ နေရာမရှိခဲ့တာလည်း ပြဿနာတခုဖြစ်ခဲ့ပါတယ်။ ဒါကို NCA ပြင်ပ သီးသန့်စာချုပ် ဒါမှမဟုတ် သဘောတူညီမှုယူပြီး ဖြေရှင်းနိုင်ရေး လမ်းစဖော်တာမျိုး ရှိခဲ့ပေမဲ့ အပြီးမသတ်နိုင်ခင်မှာပဲ စစ်အာဏာသိမ်းမှု ဖြစ်ခဲ့ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ပိုပြီးရှုပ်ထွေးတဲ့အခြေအနေ ဖြစ်လာပါတယ်။ စစ်အာဏာသိမ်းမှုကြောင့် NCA အခြေခံတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရပ်တန့်သွားပြီး အသစ်အသစ်သော အင်အားစုတွေနဲ့ အခင်းအကျင်းသစ်တွေ ဖြစ်လာပါတယ်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ISP-Myanmar က ဖော်ပြခဲ့သော
**'မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် - အခင်းအကျင်းသစ်နှင့် အသစ်အသစ်သော အင်အားစုများ'** အကြောင်းကို
အောက်ပါ link တွင် ဖတ်ရှုနိုင်ပါသည်။

https://www.ispmyanmar.com/burmese/2021/10/21/0gh54/

INFOGUIDE



● အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားမှု
● တိုင်းရင်းသား လက်နက်ကိုင်များ၊ အချင်းချင်း ဖြစ်ပွားမှု
● အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အကြား ဖြစ်ပွားမှု

## လက်နက်ကိုင်ပဋိပက္ခမြေပုံ

**၂၀၂၁ ခုနှစ် ဇူလိုင် ၁ မှ အောက်တိုဘာ ၁၅ ရက် အတွင်း** မြန်မာနိုင်ငံအနှံ့ ဖြစ်ပွားခဲ့သော တိုက်ပွဲများ၏ တည်နေရာပြ မြေပုံဖြစ်ပါသည်။ တိုက်ပွဲအမျိုးအစားအားဖြင့် သုံးမျိုး ခွဲခြားထားပြီး အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားသော တိုက်ပွဲများ၊ တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်း ဖြစ်ပွားသော တိုက်ပွဲများ၊ အာဏာသိမ်း စစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များအကြား ဖြစ်ပွားသော တိုက်ပွဲများ ဟူ၍ ဖြစ်သည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ မြို့နယ်တခုတွင် အနည်းဆုံး တိုက်ပွဲတကြိမ်စီဖြစ်ခဲ့ပြီး တကြိမ်မကဖြစ်ခဲ့သောမြို့နယ်များလည်း ပါရှိပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (NCA-S EAOs) တွေက တဖွဲ့ချင်းရော၊ အစုအဖွဲ့အနေနဲ့ပါ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်ထားပါတယ်။ ပြီးခဲ့တဲ့သုံးလအတွင်း မြန်မာနိုင်ငံရဲ့ လက်နက်ကိုင် ပဋိပက္ခမြေပုံက ပြောင်းလဲလာပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းမှာ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA) နဲ့ စစ်ကောင်စီအကြား တိုက်ပွဲတွေ ပိုဖြစ်လာသလို၊ နိုင်ငံအရှေ့မြောက်ဘက်မှာလည်း မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) ရဲ့တိုက်ပွဲဆင်မှုတွေကို ပြန်မြင်လာရပါတယ်။ သံလွင်မြစ် အရှေ့ခြမ်းမှာလည်း တိုက်ပွဲတွေဖြစ်လာပါတယ်။ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နဲ့ သျှမ်းပြည် ပြည်လည်ထူထောင်ရေးကောင်စီ (RCSS) တို့အကြား ဖြစ်နေတဲ့တိုက်ပွဲတွေက ရှမ်းပြည်နယ် အရှေ့မြောက်ဘက်ကနေ ရှမ်းပြည်နယ်တောင်ပိုင်းအထိဆင်းလာခဲ့ပါတယ်။ နိုင်ငံတောင်ပိုင်းဒေသမှာလည်း ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာအချို့နဲ့ စစ်ကောင်စီအကြား အကြိမ်ရေ ရာနဲ့ချီတဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ ပြန်ဖြစ်လာခဲ့ပါတယ်။

နောက်ထပ်ပေါ်လာတဲ့ အခင်းအကျင်းသစ်က ဒေသခံကာကွယ်ရေးတပ်ဖွဲ့ (PDF) တွေရဲ့ ခုခံတွန်းလှန်စစ်ဖြစ်ပါတယ်။ နိုင်ငံအနှံ့ အရေအတွက်အားဖြင့် အနည်းဆုံး ၁၈၀ ကနေ အများဆုံး ၃၀၀ ကျော်အထိရှိတဲ့ PDF အဖွဲ့တွေရဲ့ခုခံတွန်းလှန်စစ်ကို ချင်းပြည်နယ်နဲ့မြန်မာနိုင်ငံအနောက်မြောက်လွင်ပြင်ဒေသ စစ်ကိုင်းတိုင်းအပါအဝင်မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသတွေမှာ အများဆုံးတွေ့ရပြီး ကယားပြည်နယ်မှာလည်း တိုက်ခိုက်မှုတွေ အရှိန်မြင့်နေပါတယ်။

ခြုံပြောရရင် ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းကလွဲပြီး ကျန်ပြည်နယ်နဲ့တိုင်းဒေသတွေမှာ အနည်းနဲ့အများဆိုသလို EAOs တွေရဲ့တိုက်ပွဲဆင်မှုနဲ့ PDF တွေရဲ့ခုခံတွန်းလှန်စစ်က အရှိန်ကောင်းလာပါတယ်။ စစ်အာဏာမသိမ်းခင်အချိန်က တပ်မတော်နဲ့ အပြင်းအထန် တိုက်ပွဲဆင်ခဲ့တဲ့ ရက္ခိုင့်တပ်တော် (AA) က စစ်ကောင်စီနဲ့ တိုက်ပွဲဖြစ်ပွားမှု မရှိတော့ဘဲ အပစ်ရပ်နေတာက ထူးခြားချက်တခု ဖြစ်ပါတယ်။

INFOGUIDE

## ■ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များ



### ဒေသအလိုက် ဖြန့်ကျက်ထားမှု

| | | |
|---|---|---|
| စစ်ကိုင်းတိုင်း | - | ၃၀ |
| မကွေးတိုင်း | - | ၂၈ |
| ကယားပြည်နယ် | - | ၂၇ |
| မန္တလေးတိုင်း | - | ၂၂ |
| ချင်းပြည်နယ် | - | ၁၄ |
| ဧရာဝတီတိုင်း | - | ၁၄ |
| တနင်္သာရီတိုင်း | - | ၁၁ |
| မွန်ပြည်နယ် | - | ၉ |
| ရန်ကုန်တိုင်း | - | ၈ |
| ရှမ်းပြည်နယ် | - | ၆ |
| ပဲခူးတိုင်း | - | ၆ |
| ကချင်ပြည်နယ် | - | ၃ |
| ကရင်ပြည်နယ် | - | ၁ |
| ရခိုင်ပြည်နယ် | - | ၁ |
| နေပြည်တော် | - | ၁ |
| အခြား | - | ၁၂ |
| စုစုပေါင်း | - | ၁၉၃ |

### အခြားအဖွဲ့များ

| | |
|---|---|
| ၁ | All Burma Independence Army - ABIA |
| ၂ | Area- 21 Revolution Network |
| ၃ | Bamar People's Liberation Army- BPLA |
| ၄ | Burmese Mainland Resistance Alliance Force |
| ၅ | Eagle Brigade |
| ၆ | PDF- TC |
| ၇ | People's Revolutionary Association (PRA) |
| ၈ | Special Attacking Force (Upper Burma) - SAF |
| ၉ | Spring Revolution Alliances - SRA |
| ၁၀ | Spring Revolution Brothers Network |
| ၁၁ | Student Armed Force- ကျောင်းသားလက်ရုံးတပ်တော် |
| ၁၂ | အာဏာရှင်တော်လှန်ရေး ပြည်သူ့တပ်မတော် (DRPA) |

ဖော်ပြပါအရေအတွက်သည် သတင်းမီဒီယာများတွင် ဖော်ပြလေ့ရှိသော အဖွဲ့များကို စုစည်းထားခြင်းဖြစ်သည်။ မြေပြင်အချက်အလက်များအရ ယခုထက် ပိုမိုများပြားနိုင်ပါသည်။ မြန်မာနိုင်ငံပဋိပက္ခနှင့် တိုက်ခိုက်မှုများအပေါ် အနီးကပ် လေ့လာနေကြသူများ၏ ခန့်မှန်းချက်အရ နိုင်ငံအနှံ့တွင် PDF တပ်ဖွဲ့ပေါင်း ၁၂၀ မှ ၃၀၀ အကြားတွင် ရှိနိုင်ပြီး အင်အား ၂၀,၀၀၀ မှ ၃၀,၀၀၀ အထိ ရှိနိုင်ကြောင်း တွက်ဆထားသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းအတွက် ဆက်စပ်အခြေအနေ (context) ပြောင်းလဲသွားမှု၊ စကတည်းက အားနည်းချက်ရှိနေတဲ့ ဒီဇိုင်း၊ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖြစ်လာတဲ့ အသစ်အသစ်သော အခင်းအကျင်း စတဲ့အချက်တွေက ငြိမ်းချမ်းရေးကြိုးပမ်းမှု ဖြစ်စဉ်အပေါ်ရိုက်ခတ်မှုရှိခဲ့ပါတယ်။ NCAကိုအခြေပြုထားတဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အားလုံး ပါဝင်နိုင်မှုမရှိဘူးဆိုတဲ့ အငြင်းပွားမှုရှိနေချိန်မှာပဲ၊ ဗဟိုချုပ်ကိုင်မှုလွန်ကဲတဲ့ အခင်းအကျင်းတွေက ကြိုး ပမ်းမှုဖြစ်စဉ်ကို ရှေ့မရောက်စေဘဲ အကျပ်ရိုက်မှု (deadlock) ဖြစ်စေခဲ့ပါ တယ်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှာတော့ ဖြစ်စဉ်တခုလုံး ပျက်စီးသွားပြီး NCA ပျက်ပြယ်ပြီဆိုတဲ့ သုံးသပ်ချက်တွေပါ ရှိခဲ့ပါတယ်။ စစ်ကောင်စီက အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကို ဖျက်သိမ်းပြီး အသစ်ဖွဲ့စည်းလိုက်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းကော်မတီ (NSPNC) ဦးဆောင်မှုနဲ့ NCA လမ်းကြောင်းအတိုင်း ဆက်လုပ်မယ်လို့ဆိုပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးတဲ့ကိစ္စကလွဲလို့ ငြိမ်းချမ်းရေးအတွက် စေ့စပ်ညှိနှိုင်းမှုတွေကို စစ်ကောင်စီနဲ့ ဆွေးနွေးအဖြေရှာလို့ရကြောင်း စစ်ကောင်စီဥက္ကဋ္ဌက အောက်တိုဘာ ၁၅ ရက်မှာ ပြောခဲ့ပါတယ်။ ဒါပေမဲ့ ရွေးကောက်ခံအစိုးရ၊ လွှတ်တော်အပါအဝင် တရားဝင်ကိုယ်စားပြုမှု အင်္ဂါမစုံတော့တဲ့ အခြေအနေတွေက NCA အခြေခံ ငြိမ်းချမ်းရေးလုပ်ငန်းအပေါ် ပြန်လှန်ဆန်းစစ်စရာ ဖြစ်စေခဲ့ပါတယ်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ISP-Myanmar က ဖော်ပြခဲ့သော
**‘NCA ခြောက်နှစ်ပြည့်နှင့် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်တန်ခြေများအား ဖြန့်ထွက်စဉ်းစားခြင်း’**
(Scenario Thinking) ကို အောက်ပါ link တွင် ဖတ်ရှုနိုင်ပါသည်။

https://www.ispmyanmar.com/burmese/2021/10/17/sn1/

## မေးခွန်း ၇ ခုနှင့် ရလဒ်အဖြေများ

ပစ္စက္ခအခြေအနေတွေအရ NCA ကို အခြေခံတဲ့ လုပ်ငန်းစဉ်နဲ့ NCA ကို အခြေမပြုတဲ့ ပဋိပက္ခ၊ ငြိမ်းချမ်းရေး အလားအလာတွေကို ပြန်ပြီးသုံးသပ်ဖို့ အဓိကမေးခွန်းတွေ ထွက်လာပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး မေးသင့်မေးထိုက်တာတွေကို မေးခွန်းထုတ်ခြင်းဟာ ကြုံတွေ့နေရတဲ့ အကျပ်အတည်းတွေကို ဖြေရှင်းနိုင်ဖို့ ပထမခြေလှမ်း အားထုတ်မှုဖြစ်နိုင်ပါတယ်။ ပဏာမအနေနဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်မှာ ပါဝင်ခဲ့သူတွေ၊ EAOs အဖွဲ့ဝင်တွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်တွေ၊ သုတေသီတွေနဲ့ လေ့လာသုံးသပ်သူ ၃၂ ဦးကို ISP-Myanmar က မေးခွန်း ၇ ခု မေးထားပါတယ်။ ဒီမေးမြန်းချက်ရဲ့အဖြေတွေကို ယတိပြတ်အဖြစ် မှတ်ယူတာထက် ဆက်လက်စဉ်းစားနိုင်ဖို့ အညွှန်းပြုစရာ အထောက်အကူအဖြစ် ရည်ရွယ်ပါတယ်။

## မေးခွန်းဖြေဆိုခဲ့သူ ၃၂ ဦး




ISP-Myanmar ရဲ့မေးခွန်းတွေကို ဖြေခဲ့ကြတဲ့ ၃၂ ဦးထဲမှာ ခုနစ်ဦးဟာ NCA စာချုပ်လက်မှတ်ရေးထိုးထားတဲ့ EAOs တွေထဲက ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ တခါ NCA လက်မှတ်ထိုးမထားတဲ့ EAOs တွေထဲက ကိုယ်စားလှယ်လေးဦးလည်း ပါဝင်ပါတယ်။ ဒါ့အပြင် နိုင်ငံရေးပါတီတွေထဲက ကိုယ်စားလှယ် ခြောက်ဦး၊ နိုင်ငံရေး လေ့လာသုံးသပ်သူတွေအပါအဝင် ငြိမ်းချမ်းရေးကြိုးပမ်းမှု ဖြစ်စဉ်တလျှောက်ပါခဲ့တဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်တွေ၊ သုတေသီတွေ စသဖြင့် စုစုပေါင်း ၁၅ ဦး လည်း ပါဝင်ဖြေဆိုခဲ့ပါတယ်။ အခုဖော်ပြချက်မှာ ဖြေဆိုသူတွေရဲ့ ပုဂ္ဂလိကလုံခြုံမှုကို အလေးထားပြီး ကာယကံရှင်တွေရဲ့ဆန္ဒမပါဘဲ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်တွေကို ထုတ်ဖော်ပြောဆိုမှာမဟုတ်ပါဘူး။ ဖြေဆိုသူ ၃၂ ဦးစလုံးဟာ မေးခွန်းဖြေဆိုမှုတွေအပြင် မေးခွန်းတခုချင်းစီအတွက် သီးခြားမှတ်ချက်ပေးမှုတွေကိုလည်း ပြုလုပ်ခဲ့ကြပါတယ်။ ဒီလိုမှတ်ချက်ပေးမှုတွေထဲမှာ သူတို့မှတ်ချက်စကားတွေကို ဖော်ပြခွင့်ပေးခဲ့သူတွေရဲ့ ဖြေဆိုချက်တွေကိုလည်း အလျဉ်းသင့်သလို ကောက်နုတ်ဖော်ပြပေးသွားပါမယ်။

## ■ မေးခွန်း(၁)

NCA သို့မဟုတ် NCA ကို ပြင်ဆင်၍ ရှေ့ဆက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အလုပ်ဖြစ်ဦးမည်ဟု ယူဆပါသလား။




'NCA သေဆုံးပြီ'ဆိုတဲ့ သုံးသပ်ချက်တွေဟာ NLD အစိုးရ လက်ထက်ကတည်းက ရှိခဲ့ပါတယ်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှာတော့ 'NCA ပျက်သွားပြီ'ဆိုတဲ့ ပြောဆိုမှုတွေ ကျယ်လောင်ခဲ့ပါတယ်။ ဒါပေမဲ့ NCA ဟာ အခုချိန်အထိ ဆက်ရှိနေပြီး စစ်ကောင်စီဘက်ရော၊ NCA လက်မှတ်ရေးထိုးထားသူတွေဘက်မှာပါ NCA ကို ဖျက်သိမ်းတာ၊ ပစ်ပယ်တာမျိုး မလုပ်သေးပါဘူး။ NCA ဟာ တိုင်းရင်းသားတွေလိုလားတဲ့ ဖက်ဒရယ်ပြည်ထောင်စုဆီသွားနိုင်ဖို့ လမ်းတခုဖြစ်ပေမဲ့ လူထုထောက်ခံမှု ကင်းမဲ့ခြင်းနဲ့ အာဏာကိုင်စွဲ အုပ်ချုပ်ပိုင်ခွင့်မရှိခြင်း အကျပ်အတည်း (legitimacy crisis) ကို ရင်ဆိုင်နေရတဲ့ စစ်ကောင်စီလက်ထက်မှာ NCA မူဘောင်တွေ ဆွေးနွေးပြီး၊ နိုင်ငံရေးသဘောတူညီချက်တွေ လုပ်ဖို့ဆိုတာ ဖြစ်နိုင်ခြေနည်းပါတယ်။ စစ်ကောင်စီဥက္ကဋ္ဌကတော့ NCA လမ်းကြောင်းအတိုင်း ဆက်လုပ်မယ်၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးတဲ့ကိစ္စကလွဲလို့ငြိမ်းချမ်းရေးအတွက်စေ့စပ်ညှိနှိုင်းမှုတွေကိုစစ်ကောင်စီနဲ့ဆွေးနွေးအဖြေရှာလို့ရတဲ့ သဘော ပြောထားပါတယ်။ တဖက်မှာလည်း NCA လက်မှတ်ထိုးထားတဲ့ EAOs တွေကိုယ်တိုင်က (ရွေးကောက်ခံအစိုးရ၊ လွှတ်တော်အပါအဝင် တရားဝင်ကိုယ်စားပြုမှု အင်္ဂါမစုံတော့တဲ့ အခြေအနေမှာ) NCA မူဘောင်အတိုင်း စစ်ကောင်စီနဲ့ နိုင်ငံရေးဆွေးနွေးတာကို ပေါ်ပေါ်ထင်ထင် လုပ်ချင်ပုံမရှိပါဘူး။ ဒါကြောင့်ပဲ **'NCA ကို အခြေခံတဲ့ လုပ်ငန်းစဉ်ဒါမှမဟုတ် NCA ကို ပြင်ဆင်ပြီး ရှေ့ဆက်မယ့် ငြိမ်းချမ်းရေးလုပ်ငန်း အလုပ်ဖြစ်ဦးမလား'** ဆိုတာက အဓိကကျတဲ့ မေးခွန်းတခုဖြစ်ပါတယ်။

ဒီမေးခွန်းကို ဖြေဆိုကြရာမှာ NCA ဟာ အလုပ်မဖြစ်နိုင်တော့ဘူးလို့ ယူဆမှု **၆၆ ရာခိုင်နှုန်း**အထိရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါတယ်။ အလုပ်ဖြစ်သေးတယ်လို့ ယူဆမှု **၂၂ ရာခိုင်နှုန်း** ရှိပြီး သဘောထားမှတ်ချက်မပေးလိုမှု **၁၂ ရာခိုင်နှုန်း** ရှိခဲ့ပါတယ်။ ဒါကြောင့်

NCA အခြေပြု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အစဉ်တစိုက် ပါဝင်ပတ်သက်နေကြသူများ ကိုယ်တိုင် ယုံကြည်မှု လျော့ပါးလာတာကို တွေ့ရပါတယ်။ NCA စာချုပ် လက်မှတ်ထိုးထားတဲ့ EAOs တွေထဲမှာတောင် NCA အလုပ်မဖြစ်နိုင်တော့ဘူးလို့ ဖြေဆိုကြတာရှိပါတယ်။ NCA ကို လိုအပ်တဲ့ ပြင်ဆင်မှုတွေလုပ်နိုင်ရင် ဆက်သွားနိုင်မယ်လို့ မျှော်လင့်တာတွေရှိကြသလို တဖက်မှာလည်း အရင်ကတည်းက အကောင်အထည်ဖော်မှု အလွန်အားနည်းတဲ့ သဘောတူညီချက် ဖြစ်နေတဲ့အပြင် ရွေးကောက်ခံအစိုးရ၊ လွှတ်တော် အစရှိတဲ့ ယန္တရားတွေ မရှိတော့တာကြောင့် ရှေ့ဆက်ဖို့ မဖြစ်နိုင်တော့ဘူးလို့ ယူဆကြတာကိုတွေ့ရပါတယ်။

မေးခွန်း(၁)ဖြစ်သော **'NCA သို့မဟုတ် NCA ကို ပြင်ဆင်၍ ရှေ့ဆက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အလုပ်ဖြစ်ဦးမည်ဟု ယူဆပါသလား'** ကို ဖြေဆိုခဲ့သူ တဦးချင်းစီ၏ သဘောထားများဖြစ်ပါသည်။ ၎င်းတို့အနက် အမည်နှင့် သီးခြားမှတ်ချက်ပေးမှုအား ထုတ်ဖော်ခွင့်ပေးထားသူများ၏ မှတ်ချက်များကိုလည်း အလျဉ်းသင့်ရာ ကောက်နုတ်ဖော်ပြပေးပါမည်။



## IN THEIR OWN WORDS

မေးခွန်း(၁)ဖြစ်သော **'NCA သို့မဟုတ် NCA ကိုပြင်ဆင်၍ ရှေ့ဆက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အလုပ်ဖြစ်ဦးမည်ဟု ယူဆပါသလား'** မေးခွန်းအတွက် သီးခြားမှတ်ချက် ပေးခဲ့သည်များထဲမှ အလျဉ်းသင့်ရာ ကောက်နုတ်ချက်များဖြစ်ပါသည်။



**ဗိုလ်မှူးကြီး ခွန်ဥက္ကာ**
PNLO ၏ နာယကနှင့်
PPST ဦးဆောင်အဖွဲ့ဝင်

NCA နဲ့ အဆင့်တူတဲ့ တခြားသဘောတူစာချုပ် မရှိသေးဘူး၊ NCA ကို ကိုင်စွဲထားတာက အကောင်းဆုံး ဖြစ်နေသေးတယ်။



**ဖဒိုမန်းမန်း**
KNU တွဲဖက်အထွေထွေ
အတွင်းရေးမှူးဟောင်း

NCA နဲ့ပတ်သက်ရင်တော့ အစအဆုံးပဲ ပြင်ရမှာဖြစ်တယ်။ ဒီအတိုင်း သွားလို့မရဘူး။ ဘာလို့လဲဆိုတော့ တစ်အချက်က အပစ်အခတ်ရပ်စဲရေးစာချုပ်ဖြစ်တဲ့အတွက် တပ်ပိုင်းဆိုင်ရာကိစ္စကို အခန်း(၃) အဓိက အပိုဒ် ၇ နဲ့ ၈ ပေါ့နော်။ အဲဒီအပေါ်မှာ တိကျတဲ့သဘောတူညီချက်တခုမှမရသေးဘူး။ ဆက်လက်ဆွေးနွေးရန်ဆိုတဲ့အချက်ပဲ ဖြစ်တဲ့အခါကျတော့ ပစ်ခတ်တိုက်ခိုက်ရေးက NCA စာချုပ်ပါအချက်နဲ့ ဘယ်လိုမှ ခိုင်မာမှုမရနိုင်ဘူး။ ဒုတိယကျတော့ နိုင်ငံရေးအရ political dialogue သွားတဲ့နေရာမှာ ပြန်ကြည့်မယ်ဆို စာချုပ်တခုလုံးရဲ့နောက်ဆုံးလားရာက ပါတီထောင် ရွေးကောက်ပွဲဝင်ဆိုတဲ့ ၂၀၀၈ အခြေခံဥပဒေအောက်မှာပဲ ဖြစ်တယ်။ တတိယအချက်ကတော့ process အရ ၂၀၁၅ လက်မှတ်ထိုးပြီးတဲ့ နောက်ပိုင်းမှာ သူတို့လုပ်မယ့် ခုနစ်ချက်အရ ပြန်ကြည့်မယ်ဆိုရင်လည်း အဆင့်ပိုသွားပြီလို့ ပြောရမှာဖြစ်တယ်။ ဒါ့ကြောင့်မို့ process အရရော အခြေခံသဘောတည်တဲ့ အစပျိုးတဲ့အရရော အားလုံးကို ပြန်ခြုံကြည့်ရင် ပြင်မယ်ဆိုရင်တော့ အစအဆုံးပြန်ပြင်မှ ရမယ့်သဘောလို့ပဲ ပြောရမှာပေါ့။ ဒီအတိုင်းတော့ သွားလို့မရဘူးပေါ့။



**ဒေါ်စောမြရာဇာလင်း**
ရခိုင်ပြည် လွတ်မြောက်ရေးပါတီ၏
ဒုတိယဥက္ကဋ္ဌ (၃)

NCA လို စာချုပ်မျိုး ထပ်ပေါ်ဖို့ဆိုတာလည်း မနည်းကို အချိန်ယူရမှာဖြစ်တယ်။ NCA မှာ အားနည်းချက်ရှိတယ်ဆိုလို့ရှိရင် ကျမတို့ ဒီလောက် ဒုက္ခခံပြီးမှဆွဲခဲ့ကြတဲ့ အရာတခုကို ပြင်ဆင်မှုမလုပ်နိုင်ဘူးလား။ ဘယ်အရာတွေက ဘာအားနည်းချက်ရှိနေလဲ ဆိုတာတွေကို NCA မှာ ပါဝင်ပတ်သက်ခဲ့ကြတဲ့ လူတွေအားလုံး ဝိုင်းထိုင်နိုင်တဲ့ အခွင့်အရေးတရပ်ကို ဖန်တီးပြီးမှ လုပ်နိုင်တယ်ဆိုရင် ပိုပြီးတော့မှ အကျိုးရှိနိုင်တယ်။ လူတွေကတော့ အလုပ်မဖြစ်တော့ဘူးလို့ ယူဆတယ်။ ဘာကြောင့်လဲဆိုရင် အစိုးရ၊ လွှတ်တော်၊ တပ်မတော် ရှိခဲ့တာပေါ့လေ။ အခုအချိန်မှာ လွှတ်တော်မရှိဘူး။ ဒါပေမဲ့ NCA ကို ပါဝင်ရေးထိုးခဲ့ကြတဲ့ လူတွေကတော့ ပစ်လိုက်ဖို့ နှမြောတယ်။ အနှစ်သာရကို အနည်းဆုံးတော့ ကိုင်စွဲဖို့လိုတယ်။ နိုင်ငံရေးပြဿနာကို လက်နက်နဲ့မဖြေရှင်းဘူး။ နိုင်ငံရေး စားပွဲခုံပေါ်ရောက်အောင် ဖြေရှင်းမယ်ဆိုပြီးတော့မှ သန္နိဋ္ဌာန်တွေရှိခဲ့ကြတယ်။ ဒါဟာ NCA ရဲ့အနှစ်သာရပဲ။

## မေးခွန်း(၂)

EAOs များအနေဖြင့် တပေါင်းတစည်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း၊ သီးသန့် တဖွဲ့ချင်းစီသော်လည်းကောင်း စစ်ကောင်စီနှင့် အပစ်အခတ်ရပ်စဲရေး (သို့မဟုတ်) ငြိမ်းချမ်းရေးစာချုပ်သစ်များ ချုပ်ဆိုလာမည်ဟု ယူဆပါသလား။




NCA မတိုင်ခင် ငြိမ်းချမ်းရေးဆွေးနွေးမှုမှာ EAOs တဖွဲ့ချင်းစီနဲ့ စကားပြောပြီး နှစ်ဘက် အပစ်ရပ်ရေးသဘောတူညီချက် အရင်လုပ်ခဲ့တာတွေ ရှိပါတယ်။ နောက်ပိုင်းမှာ EAOs အဖွဲ့တွေ ပေါင်းစည်းပြီး NCA လမ်းကြောင်း ဖြစ်လာပါတယ်။ လက်ရှိမှာလည်း NCA လက်မှတ်ထိုးမထားပေမဲ့ ပဏာမ အပစ်ရပ်သဘောတူစာချုပ် လုပ်ထားတဲ့ EAOs တွေ ရှိသလို၊ NCA မဟုတ်တဲ့ စာချုပ်သစ်ဖော်ဆောင်ဖို့ အရေးဆိုထားတဲ့ မြောက်ပိုင်းမဟာ မိတ်အဖွဲ့ (FPNCC) လို အဖွဲ့တွေလည်း ရှိနေပါတယ်။ NLD အစိုးရလက်ထက် NCA အကျပ်ရိုက်မှု deadlock ဖြစ်ချိန်ကလည်း ငြိမ်းချမ်းရေးဖော်ဆောင်မှု ရှေ့ရောက်စေဖို့ NCA ပြင်ပ စာချုပ် ဒါမှမဟုတ် သဘောတူညီချက်ယူပြီးလုပ်ဖို့ လမ်းစဖော်တာမျိုးရှိခဲ့ပေမဲ့ အပြီး မသတ်နိုင်ခင်မှာပဲ စစ်အာဏာသိမ်းမှုဖြစ်ခဲ့ပါတယ်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း NCA အကောင်အထည်ဖော်မှု ရပ်ဆိုင်းသွားပြီး ရွေးကောက်ခံအစိုးရနဲ့ လွှတ်တော် မရှိတော့တဲ့ အခြေအနေမှာ **'EAOs တွေအနေနဲ့ တပေါင်းတစည်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ၊ သီးသန့်တဖွဲ့ချင်းဖြစ်စေ စစ်ကောင်စီနဲ့ အပစ်အခတ်ရပ်စဲရေး ဒါမှမဟုတ် ငြိမ်းချမ်းရေးစာချုပ်သစ် ချုပ်ဆိုလာမည်လား'** ဆိုတာ အဓိကကျတဲ့မေးခွန်းတခု ဖြစ်ပါတယ်။

ဒီမေးခွန်းကို ဖြေဆိုကြတဲ့အခါ ဖြစ်လာနိုင်တယ်လို့ ယူဆမှုက **၄၄ ရာခိုင်နှုန်း** ရှိသလို မဖြစ်နိုင်ဘူးလို့ ယူဆမှုလည်း **၄၄ ရာခိုင်နှုန်း** ရှိခဲ့ပါတယ်။ မဖြေလိုမှုက **၁၂ ရာခိုင်နှုန်း** ရှိပါတယ်။ ဖြစ်လာနိုင်တယ်လို့ ယူဆကြရာမှာ အရင် စစ်အစိုးရ နဝတ၊ နအဖခေတ်မှာ တဖွဲ့ချင်းအပစ်ရပ်လက်မှတ်ထိုးခဲ့တဲ့ သာဓကတွေရှိတာကြောင့် တနှစ်၊ နှစ်နှစ်အတွင်း ဖြစ်လာနိုင်တာ၊ ကိုယ့်အဖွဲ့အကျိုးစီးပွားကိုသာကြည့်ပြီး စစ်ကောင်စီနဲ့ အပေးအယူလုပ်မယ့်

EAOs များ ရှိလာနိုင်တာ၊ နောက်ကွယ်မှာ တရုတ်အစိုးရရဲ့ဖိအားတွေ ရှိနေနိုင်တာ စတဲ့ အချက်တွေကြောင့် ယူဆတာကို တွေ့ရပါတယ်။ မဖြစ်နိုင်ဘူးလို့ ယူဆသူတွေကတော့ လက်ရှိ နိုင်ငံရေး၊ စစ်ရေးအခြေအနေ အဘက်ဘက်မှာ စစ်ကောင်စီဟာ နာမည်ပျက်များ နေတာကြောင့် ယုံကြည်မှုအားနည်းနေပြီး ဘယ် EAO ကမှ စာချုပ်ချုပ်ဆိုဖို့ စဉ်းစားမှာ မဟုတ်ဘူး။ ဒါ့အပြင် စစ်ကောင်စီက အချိန်မရွေး ပြုတ်ကျနိုင်တဲ့ အနေအထားရှိတာကို နှစ်ဖက်လုံးက နားလည်ကြတဲ့အတွက် မဖြစ်နိုင်ဘူးလို့ယူဆတာ အစရှိတဲ့အချက်တွေကို အဓိကထား ပြောဆိုကြပါတယ်။

မေးခွန်း(၂)ဖြစ်သော **'EAOs များအနေဖြင့် တပေါင်းတစည်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော် လည်းကောင်း၊ သီးသန့် တဖွဲ့ချင်းစီသော်လည်းကောင်း စစ်ကောင်စီနှင့် အပစ်အခတ်ရပ်စဲရေး (သို့မဟုတ်) ငြိမ်းချမ်းရေး စာချုပ်သစ်များ ချုပ်ဆိုလာမည်ဟု ယူဆပါသလား'**ကို ဖြေဆိုခဲ့သူ တဦးချင်းစီ၏ သဘောထားများဖြစ်ပါသည်။ ၎င်းတို့အနက် အမည်နှင့် သီးခြားမှတ်ချက်ပေးမှုအား ထုတ်ဖော်ခွင့်ပေးထားသူများ၏ မှတ်ချက်များကိုလည်း အလျဉ်းသင့်ရာ ကောက်နုတ်ဖော်ပြပေးပါမည်။



## IN THEIR OWN WORDS

မေးခွန်း(၂)ဖြစ်သော **‘EAOs များအနေဖြင့် တပေါင်းတစည်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း၊ သီးသန့် တဖွဲ့ချင်းစီသော်လည်းကောင်း စစ်ကောင်စီနှင့် အပစ်အခတ်ရပ်စဲရေး (သို့မဟုတ်) ငြိမ်းချမ်းရေးစာချုပ်သစ်များ ချုပ်ဆိုလာမည်ဟု ယူဆပါသလား’**မေးခွန်းအတွက် သီးခြားမှတ်ချက် ပေးခဲ့သည်များထဲမှ အလျဉ်းသင့်ရာ ကောက်နုတ်ချက်များဖြစ်ပါသည်။



**ဗိုလ်မှူးချုပ် တာဘုန်းကျော်**
PSLF/TNLA ၏
အထွေထွေအတွင်းရေးမှူး

ဗမာပြည် တကယ်ငြိမ်းချမ်းဖို့ဆိုရင်တော့ ကျနော်တို့ တွေ့ဆုံဆွေးနွေးရေးတွေ လိုအပ်တယ်။ အဲဒီလို တွေ့ဆုံဆွေးနွေးရေးတွေကတဆင့် လက်တွေ့ကျတဲ့ အပစ်အခတ်ရပ်စဲရေးကို အဖွဲ့အစည်းတခုချင်းစီပဲဖြစ်ဖြစ်၊ အစုအဖွဲ့နဲ့ပဲဖြစ်ဖြစ် ဆွေးနွေးလို့ရတဲ့ပေါ်မှာ မူတည်ပြီးတော့ အဲဒီလူတွေ စာချုပ်ချုပ်မယ်ဆိုရင်တော့ တကယ်ပြေလည်တဲ့ အဖြေအနေအထားကနေ စာချုပ်ချုပ်ကြမယ်၊ အလုပ်လုပ်ကြမယ်ဆိုရင်တော့ ဒါက လိုအပ်တဲ့အဖြေတခုဖြစ်တယ်။ ဒါက မလွဲမသွေ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ဖြစ်တယ်လို့ မြင်ပါတယ်။



**ဦးကိုကိုကြီး**
ပြည်သူ့ပါတီ
ဥက္ကဋ္ဌ

NCA မဖြစ်ခင်တုန်းက နှစ်ဖက်ဆွေးနွေးမှုတွေ၊ နောက်ပြီး ပြည်နယ်အလိုက် သဘောတူညီမှုတွေ ရပြီးမှ နောက်ဆုံး NCA အဆင့်ကို ရောက်လာတာဖြစ်တယ်။ ပြောကြဆိုရင် KIO ဟာ နဂိုတုန်းက bilateral သဘောတူညီမှုတွေ ရထားပြီးသားဖြစ်တယ်။ NCA ထိုးခါနီးကျမှ NCA စာချုပ်ပါ အချက်အချို့အပေါ်မှာ သူတို့ဆက်ပြီးတော့ ဆွေးနွေးချင်တယ်ဆိုတဲ့ အငြင်းပွားမှုတွေ၊ နောက်တခုက ၂၀၁၅ မှာ ရွေးကောက်ပွဲအပြီး တက်လာမဲ့ အစိုးရရဲ့အနေအထားရယ် အပေါ် နိုင်ငံရေးရာသီ ဥတုရယ်အပေါ် မူတည်ပြီး မထိုးဖြစ်ကြတာဖြစ်တယ်လို့ မြင်တယ်။ ဒါကြောင့်မို့ တဖွဲ့ချင်းဆွေးနွေးမှုတွေကလည်း ဆက်ပြီး အရေးပါနေလိမ့်မယ်။



ရှမ်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့
ခေါင်းဆောင်တဦး

ဖြစ်နိုင်ခြေ အလွန်နည်းပါတယ်။ အခုအချိန်မှာ အားလုံးက စစ်ကောင်စီကို ယုံကြည်မှု မရှိသလောက် ဖြစ်နေတယ်။ ယုံကြည်မှုတည်ဆောက်တာကို စစ်ကောင်စီဘက်က သေချာလုပ်ပြနိုင်မှ စာချုပ်ချုပ်ဆိုဖို့ စဉ်းစားမယ့်သဘော ဖြစ်တယ်။



**ဦးအောင်ဆန်းမြင့်**
KNPP ၏
အတွင်းရေးမှူး (၂)

ကိုယ့်အဖွဲ့အစည်းရဲ့မူနဲ့ ရပ်တည်ချက်အပေါ်မှာ လက်ရှိ နိုင်ငံရေးတွေ ချဉ်းကပ်နေကြတဲ့ပုံစံဆိုတော့ KNPP အနေနဲ့က (၇၁) ကြိမ်မြောက် စစ်သင်တန်းမှာ အတိအလင်း ပြောလိုက်ပြီဖြစ်ပါတယ်။ စစ်ကောင်စီနဲ့ တွေ့ဆုံဆွေးနွေးမယ့်ကိစ္စ လုံးဝ ဖြစ်နိုင်ခြေမရှိပါဘူး။

## ■ မေးခွန်း(၃)

စစ်ကောင်စီနှင့် EAOs များ၊ PDF များ၏ တိုက်ပွဲပုံသဏ္ဍာန်သည် တိုက်ပွဲကြီးများအဖြစ် အသွင်ပြောင်းလဲသွားပြီး ပြည်တွင်းစစ် ပိုမိုကျယ်ပြန့်နက်ရှိုင်း တာရှည်လာမည်ဟု ယူဆပါသလား။




စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး အကြမ်းမဖက် လူထုလှုပ်ရှားမှုတွေကို စစ်ကောင်စီက အကြမ်းဖက် ဖြိုခွင်းပြီးတဲ့နောက်ပိုင်း လူငယ်အများစုက လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်ကို ရွေးချယ်လိုက်ပါတယ်။ နိုင်ငံအနှံ့မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) နဲ့ ဒေသဆိုင်ရာ ကာကွယ်ရေးတပ်ဖွဲ့ (LDF) စတဲ့ လက်နက်ကိုင် အဖွဲ့တွေလည်း များစွာ ပေါ်ပေါက်လာပြီး မြန်မာနိုင်ငံရဲ့ ပဋိပက္ခမြေပုံအသစ် ဖြစ်ထွန်းလာပါတယ်။ နိုင်ငံ မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်း၊ တောင်ပိုင်းနဲ့ အနောက်မြောက်ဒေသတွေမှာ ပစ်ခတ်တိုက်ခိုက်မှုတွေနဲ့ ဗုံးပေါက်ကွဲမှုတွေ ဖြစ်လာပြီး၊ ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းကလွဲလို့ နေရာအနှံ့မှာ လက်နက်ကိုင်ပဋိပက္ခနဲ့ စစ်ရေးတင်းမာမှုတွေ ဖြစ်လာပါတယ်။ စစ်ကောင်စီဘက်က အပစ်ရပ်ကာလကို ငါးလအထိ သက်တမ်းတိုးခဲ့ပေမဲ့ PDF တွေကို EAOs တွေဆီကနေ ခွဲထုတ်ကိုင်တွယ်ဖို့ ပြင်ဆင်လာတာ၊ EAOs ဒေသတွေမှာ စစ်ကောင်စီတပ်တွေ တိုးမြှင့်ချထားခြင်းတွေ ရှိလာပါတယ်။ တခါ EAOs အချင်းချင်းအကြား နယ်မြေချဲ့ထွင်ရေး ကြိုးပမ်းမှု ဖြစ်နေတာတွေလည်း ရှိပါတယ်။ ဒါကြောင့် ဒီအခြေအနေမှာ **'စစ်ကောင်စီနဲ့ EAOs တွေ၊ PDF တွေရဲ့ တိုက်ပွဲပုံသဏ္ဍာန်ဟာ တိုက်ပွဲကြီးတွေအဖြစ် အသွင်ပြောင်းသွားပြီး ပြည်တွင်းစစ် ပိုမိုကျယ်ပြန့် နက်ရှိုင်း တာရှည်လာမလား'** ဆိုတာက အဓိကကျတဲ့ မေးခွန်းတခု ဖြစ်လာပါတယ်။

ဒီမေးခွန်းကို ဖြေဆိုကြရာမှာ တိုက်ပွဲတွေ ကြီးမားကျယ်ပြန့်ပြီး ပြည်တွင်းစစ် ပိုမိုကျယ်ပြန့်နက်ရှိုင်း တာရှည်လာမယ်လို့ ယူဆမှုက **၇၂ ရာခိုင်နှုန်း**အထိရှိတာ တွေ့ရပါတယ်။ မဖြစ်နိုင်ဘူးဆိုတဲ့ ယူဆမှုက **၁၆ ရာခိုင်နှုန်း**ရှိပြီး၊ မဖြေလိုတာ **၁၂ ရာခိုင်နှုန်း** ရှိပါတယ်။ တိုက်ပွဲတွေ ကျယ်ပြန့်လာမယ်လို့ ယူဆကြရာမှာ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး အကြမ်းမဖက်လှုပ်ရှားမှုတွေကို စစ်ကောင်စီက ဖြိုခွင်းနှိပ်စက်တာတွေ၊ စစ်မြေပြင်

သဖွယ် ကိုင်တွယ်ပုံတွေနဲ့ ပြုမူတုံ့ပြန်နေပုံတွေဟာ အဲဒီအခြေအနေ ရောက်ရှိအောင် တွန်းပို့နေတာ၊ ဒီလုပ်ရပ်တွေကြောင့်လည်း ပြည်သူလူထုဘက်က လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ထားခြင်းဖြစ်နေတာ စတဲ့အချက်တွေက အဓိကကျတယ်လို့ ပြောဆိုကြပါတယ်။ တိုက်ပွဲတွေ ကြီးမားကျယ်ပြန့်လာမှာမဟုတ်ဘူးလို့ ယူဆတဲ့အခါ NCA လက်မှတ်ထိုးထားတဲ့ EAOs တွေအားလုံး တိုက်ပွဲဝင်နေတာမဟုတ်ဘူး၊ UWSA နဲ့ AA တပ်ဖွဲ့တွေက နှုတ်ဆိတ်နေဆဲဖြစ်နေတာ၊ PDF တွေဟာ ဗဟိုကနေ သေနင်္ဗျူဟာ ညွှန်ကြားနိုင်တဲ့ အမိန့်ပေးစနစ် (Central Command) နဲ့ တိုက်ပွဲဝင်နိုင်ခြင်း မရှိသေးတာ စတဲ့အချက်တွေကို ထောက်ပြကြတာတွေ့ရပါတယ်။

မေးခွန်း(၃)ဖြစ်သော **‘စစ်ကောင်စီနှင့် EAOs များ၊ PDF များ၏ တိုက်ပွဲပုံသဏ္ဍာန်သည် တိုက်ပွဲကြီးများအဖြစ် အသွင်ပြောင်းလဲသွားပြီး ပြည်တွင်းစစ် ပိုမိုကျယ်ပြန့်နက်ရှိုင်း တာရှည်လာမည်ဟု ယူဆပါသလား’**ကို ဖြေဆိုခဲ့သူတဦးချင်းစီ၏ သဘောထားများဖြစ်ပါသည်။ ၎င်းတို့အနက် အမည်နှင့် သီးခြားမှတ်ချက်ပေးမှုအား ထုတ်ဖော်ခွင့်ပေးထားသူများ၏ မှတ်ချက်များကိုလည်း အလျဉ်းသင့်ရာ ကောက်နုတ်ဖော်ပြပေးပါမည်။



## IN THEIR OWN WORDS

မေးခွန်း(၃)ဖြစ်သော **'စစ်ကောင်စီနှင့် EAOs များ၊ PDF များ၏ တိုက်ပွဲပုံသဏ္ဍာန်သည် တိုက်ပွဲကြီးများအဖြစ် အသွင်ပြောင်းလဲသွားပြီး ပြည်တွင်းစစ် ပိုမိုကျယ်ပြန့်နက်ရှိုင်း တာရှည်လာမည်ဟု ယူဆပါသလား'**မေးခွန်းအတွက် သီးခြားမှတ်ချက် ပေးခဲ့သည်များထဲမှ အလျဉ်းသင့်ရာ ကောက်နုတ်ချက်များဖြစ်ပါသည်။



**ဗိုလ်မှူးကြီး ခွန်ဥက္ကာ**
PNLO ၏ နာယကနှင့်
PPST ဦးဆောင်အဖွဲ့ဝင်

ပိုမို ကျယ်ပြန့်နက်ရှိုင်းလာဖို့ရှိတယ်။ အထူးသဖြင့် NUG ရဲ့တရားဝင်နိုင်ငံရေး အဆင့်တခု မြင့်လာရင်တော့ တိုက်ပွဲကလည်း ပိုမြင့်လာမယ်။ နိုင်ငံတကာအထောက်အကူ မလာရင်တော့ တက်လည်းမတက်၊ ကျလည်းမကျဘဲ လက်ရှိအရှိန်အတိုင်း ဆက်သွားနေနိုင်။ တိုက်ပွဲတွေက နာတာရှည်ရောဂါလိုပဲ ဖြစ်သွားမယ်။



**ဗိုလ်မှူးချုပ် တာဘုန်းကျော်**
PSLF/TNLA ၏
အထွေထွေအတွင်းရေးမှူး

အခြေခံအားဖြင့်တော့ အခုဖြစ်နေတဲ့တိုက်ပွဲတွေ၊ PDF နဲ့ ဖြစ်နေတာတွေက တဖြည်းဖြည်း ပိုပြီးပုံပေါ်လာတယ်။ မြန်မာနိုင်ငံရဲ့လက်နက်ကိုင်တော်လှန်ရေးက ပိုပြီးပြင်းထန်လာတယ်လို့ ပြောလို့ရပါတယ်။ ရှည်ကြာတယ်၊ မရှည်ကြာဘူး ဆိုတာကတော့ အခုလက်ရှိ ရှိနေတဲ့ စစ်ကောင်စီရော၊ တော်လှန်ရေးအင်အားစုတွေရော၊ နိုင်ငံရေးအင်အားစုတွေရော ဘယ်လိုမျိုး လုပ်ကိုင်ဆောင်ရွက်ကြမလဲ ဆိုတဲ့အပေါ်မှာပဲ မူတည်ပါတယ်။ သေချာတာကတော့ လက်နက်ကိုင် တော်လှန်ရေးကို ဆောင်ရွက်နေတဲ့ PDF တွေရဲ့တော်လှန်ရေးကလည်း အရှိန်တော့ မြင့်လာပြီလို့ ပြောလို့ရတယ်။ ပြည်တွင်းစစ်အရှိန် ပိုပြီးမြင့်လာတယ်လို့ ပြောလို့ရပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်
ထဲထဲဝင်ဝင် ပါဝင်နေသူတဦး

NCA လက်မှတ်ထိုးထားတဲ့ EAO တွေက (အဓိက) ၁၀ ဖွဲ့ရှိတယ်။ အဲဒီထဲမှာ KNU နဲ့ RCSS ပဲ အင်အားတကယ်ရှိတယ်။ ကျန်အဖွဲ့တွေရဲ့ အင်အားက အဲဒီလောက်မများဘူး။ နောက်တခု PDF တွေက သူတို့ရဲ့စစ်ရေးမဟာမိတ် မဟုတ်ဘူး။ လက်ရှိ ၁၀ ဖွဲ့မှာ ခြောက်ဖွဲ့က စစ်ကောင်စီနဲ့ bilateral တွေပြောနေတယ်။ ဘာလို့မယူဆသလဲဆိုရင် (၁) စစ်ရေးမဟာမိတ်ဖြစ်ဖို့ အခြေအနေမပေးဘူး (၂) အဲဒီလို စဉ်းစားချက်မရှိဘူး (၃) စစ်ကောင်စီနဲ့ သီးခြားစီ bilateral တွေ ပြောနေတယ်။ တခါ PPST က နိုင်ငံရေးကိစ္စအတွက်သာ ပေါင်းလုပ်မယ်ပြောထားပြီး စစ်ရေးကိစ္စကိုတော့ သီးခြားစီ လုပ်ဆောင်နိုင်တဲ့သဘော ဖြစ်တယ်။

မြောက်ပိုင်းမဟာမိတ်အဖွဲ့
ခေါင်းဆောင်ပိုင်းတဦး

သုံးသပ်ရတာခက်ပါတယ်။ NUG ကတော့ တနိုင်ငံလုံး စစ်ကြေညာထားတာ အားလုံးသိပါတယ်။ သူတို့ အင်အားရှိပြီးတော့ နေရာတကာ တိုက်ပွဲဆင်နွှဲနိုင်ရင်တော့ မြန်မာနိုင်ငံက အပြောင်းအလဲရှိမှာပဲ။ မဟုတ်ရင်တော့ သိပ် အပြောင်းအလဲရှိမှာ မဟုတ်ဘူး။ ဒီလို ဆင်နွှဲဖို့ကတော့ အခုချိန်မှာ အခက်အခဲရှိမယ် ထင်ပါတယ်။ အခုကတော့ ပြင်ဆင်နေဆဲကာလလို့ ကျနော်ထင်ပါတယ်။ သူတို့ ဘယ်လောက် ပြင်ဆင်ထားတယ် ဆိုတာကိုတော့ ကျနော်လည်း မသိပါဘူး။

## ■ မေးခွန်း(၄)

အဓိက အင်အားကြီး EAOs များနှင့် PDF များအားလုံး ညီညွတ်ပေါင်းစည်း၍ 'တပ်ပေါင်းစု'ဖြင့် စစ်ကောင်စီကို တိုက်ပွဲဝင်နိုင်မည်ဟု ယူဆပါသလား။




အင်အားကြီးမားတဲ့ EAOs တွေ အပါအဝင် အားလုံးပေါင်းစည်းထားတဲ့ 'တပ်ပေါင်းစု' နဲ့ စစ်အာဏာရှင်ကို တိုက်ပွဲဝင်၊ အောင်ပွဲခံနိုင်ရေးကို နှစ် ၇၀ ကျော်ကြာ မြန်မာပြည်တွင်းစစ် ကာလအတွင်း တော်လှန်ရေးအင်အားစုတွေ အကြိမ်ကြိမ် ကြိုးစားခဲ့ကြဖူးပါတယ်။ ဒါပေမဲ့ 'တပ်ပေါင်းစု'နဲ့ တိုက်ပွဲဝင်နိုင်ရေးက မျှော်မှန်းကြိုးစားသလို မဖြစ်ခဲ့ဘဲ အကြောင်းအမျိုးမျိုးကြောင့် ပျက်ပြယ်ခဲ့တာတွေ ရှိခဲ့ပါတယ်။ အခု စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လက်နက်ကိုင်တော်လှန်မှုမှာလည်း အင်အားကြီး EAOs တွေအားလုံးပါဝင်တဲ့ 'တပ်ပေါင်းစု'နဲ့ တိုက်ပွဲဝင်နိုင်ရေးက မျှော်မှန်းချက်တခု ဖြစ်လာပါတယ်။ တချိန်ထဲမှာပဲ အားလုံးပါဝင်သော အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) က ဆုံချက်ဖြစ်လာပြီး ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (Federal Charter) အသက်ဝင်လာမယ်ဆိုရင် အင်အားကြီး EAOs တွေနဲ့ 'တပ်ပေါင်းစု'ဖွဲ့စည်းဖို့ ဆွဲဆောင်နိုင်မယ့် မျှော်မြင်ချက်တွေ ရှိနေပါတယ်။ ဒါကြောင့် **'အဓိက အင်အားကြီး EAOs တွေနဲ့ PDF တွေအားလုံး ညီညွတ်ပေါင်းစည်းပြီး 'တပ်ပေါင်းစု'နဲ့ စစ်ကောင်စီကို တိုက်ပွဲဝင်နိုင်မလား'**ဆိုတာက အဓိကကျလာတဲ့ မေးခွန်းတခု ဖြစ်ပါတယ်။

အဲဒီမေးခွန်းကို ဖြေဆိုရာမှာ 'တပ်ပေါင်းစု'နဲ့ တိုက်ပွဲဝင်နိုင်မယ်လို့ ယူဆမှုက **၃၁ ဒသမ ၃ ရာခိုင်နှုန်း**ရှိပြီး **၅၆ ဒသမ ၃ ရာခိုင်နှုန်း**က မယူဆဘူးလို့ ဖြေဆိုခဲ့ပါတယ်။ ကျန် **၁၂ ဒသမ ၄ ရာခိုင်နှုန်း** က ဖြေကြားလိုခြင်း မရှိခဲ့ပါဘူး။ မယူဆဘူးလို့ ပြောသူတွေက EAOs နဲ့ PDF တွေအကြား 'တပ်ပေါင်းစု'ဖြစ်လာဖို့အတွက် ပြောဖို့အလွန်စောပြီး ခက်ခဲနိုင်ကြောင်း၊ သမိုင်းကြောင်းများအရ 'တပ်ပေါင်းစု'တွေ တာရှည်ခံလေ့မရှိတာကို ထောက်ပြကြပါတယ်။ တခါ အခုကာလမှာလည်း အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) မှာ အခက်အခဲများစွာရှိနေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် EAOs တွေနဲ့

အသစ်ပေါ်ပေါက်လာတဲ့ PDF တွေအကြား စစ်ရေးရည်မှန်းချက်တွေ မတူညီနိုင်ကြောင်း ပြောကြပါတယ်။ ယူဆတယ်လို့ မှတ်ချက်ပေးကြသူတွေကတော့ EAOs တွေနဲ့ PDF တွေ ပေါင်းစည်းဖို့ လူထုက ဖိအားပေးနေတာကြောင့် မကြာခင် စုစည်းမှုပုံစံသစ်တွေ မြင်ရနိုင်တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ လိုအပ်တဲ့ နိုင်ငံရေးဆွေးနွေးမှုတွေဟာ အင်အားကြီး EAOs တွေ အကြားမှာ ပြီးပြတ်ခြင်းမရှိသေးသလို၊ ဦးစွာပါဝင်လာတဲ့ EAOs တွေ အစဉ်သဖြင့် ဆက်ပါနိုင်ရေးဟာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ရဲ့ ဆွေးနွေးညှိနှိုင်းမှုနဲ့ ကတိကဝတ်အပေါ်မှာသာ မူတည်တယ်လို့ သုံးသပ်ကြပါတယ်။

မေးခွန်း(၄)ဖြစ်သော **‘အဓိက အင်အားကြီး** EAOs **များနှင့်** PDF **များအားလုံး ညီညွတ်ပေါင်းစည်း၍ ‘တပ်ပေါင်းစု’ ဖြင့် စစ်ကောင်စီကို တိုက်ပွဲဝင်နိုင်မည်ဟု ယူဆပါသလား’**ကို ဖြေဆိုခဲ့သူ တဦးချင်းစီ၏ သဘောထားများဖြစ်ပါသည်။ ၎င်းတို့အနက် အမည်နှင့် သီးခြားမှတ်ချက်ပေးမှုအား ထုတ်ဖော်ခွင့်ပေးထားသူများ၏ မှတ်ချက်များကိုလည်း အလျဉ်းသင့်ရာ ကောက်နုတ်ဖော်ပြပေးပါမည်။



## IN THEIR OWN WORDS

မေးခွန်း(၄)ဖြစ်သော **'အဓိက အင်အားကြီး EAOs များနှင့် PDF များအားလုံး ညီညွတ်ပေါင်းစည်း၍ 'တပ်ပေါင်းစု'ဖြင့် စစ်ကောင်စီကို တိုက်ပွဲဝင်နိုင်မည်ဟု ယူဆပါသလား'** မေးခွန်းအတွက် သီးခြားမှတ်ချက်ပေးခဲ့သည်များထဲမှ အလျဉ်းသင့်ရာ ကောက်နုတ်ချက်များဖြစ်ပါသည်။



**ဦးအောင်မိုးဇော်**
လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ
ဥက္ကဋ္ဌ

လက်ရှိအခြေအနေတွေက EAOs တွေကို ပူးပေါင်းဆောင်ရွက်ဖို့ ဖိအားပေးနေတယ်၊ တွန်းပို့နေတယ်။ ('တပ်ပေါင်းစု'နဲ့ စစ်ကောင်စီကို တိုက်ပွဲဝင်နိုင်မယ်လို့) ယူဆတယ်။ ဒါပေမဲ့ အစဉ်အလာ တပ်ပေါင်းစုပုံစံမျိုး ဟုတ်မယ်မထင်ဘူး။



**ဗိုလ်မှူးကြီး ခွန်ဥက္ကာ**
PNLO ၏ နာယကနှင့်
PPST ဦးဆောင်အဖွဲ့ဝင်

မယူဆဘူးဗျ။ PDF မပေါ်ခင်ကတည်းက တပ်ပေါင်းစုမှာ ကချင်နဲ့ ကရင်ရှိ၊ ကရင်နဲ့ကချင်ကိုပဲ တခါမှ တက်ညီလက်ညီတိုက်တာ မရှိဘူးဗျ။ ကချင်က ခင်ညွန့်နဲ့တိုက်ရင် ကရင်မှာ အစိတ်စိတ်အမြွာမြွာ ကွဲနေတယ်။ ကရင်မှာတိုက်ရင်လည်း ကချင်မှာ ငြိမ်းချမ်းရေးယူထားတယ်၊ ဝေါက်သီးရိုက်နေကြတယ်။ ဒီ ကရင်နဲ့ ကချင်တောင်မှ မလွယ်ဘူးဆိုရင် ကြားကပေါ်လာတဲ့ PDF တို့၊ CDF တို့၊ ဘာတို့က ကျနော်ထင်တယ်၊ တစုတစည်းတည်းဖြစ်ဖို့တော့ မလွယ်ဘူးဗျ။



**ဦးကိုကိုကြီး**
ပြည်သူ့ပါတီ
ဥက္ကဋ္ဌ

ပြီးခဲ့တဲ့ အတွေ့အကြုံတွေအရပြောရရင် EAOs တွေရဲ့ စစ်ရေးရည်မှန်းချက်တွေနဲ့ ပြည်မက တောခိုတဲ့သူတွေရဲ့ စစ်ရေးရည်မှန်းချက်တွေ ကွဲလွဲတဲ့အခါမှာ နောက်ဆုံး ပြိုကွဲသွားတယ်။ နောက်တခုက တိုင်းရင်းသားဒေသတွေမှာရှိတဲ့ လက်နက်ကိုင်အချင်းချင်း 'တပ်ပေါင်းစု' ဖွဲ့တာတွေ သမိုင်းမှာတော့ ခဏခဏတွေ့ရတယ်။ သို့သော် အဲဒါတွေဟာ ရေရှည်မခံဘူး။ အဲဒီတပ်ပေါင်းစုတွေဟာလည်း ပြန်ပြန်ပြီးတော့ ပြိုကွဲသွားတာတွေ့ရတယ်။ သမိုင်းသုံးသပ်ချက်အရ ပြောတာဖြစ်တဲ့အတွက် EAOs တွေနဲ့ PDF တွေတပ်ပေါင်းစုဖွဲ့ဖို့ဆိုတာ ရေတိုမှာ မဖြစ်နိုင်သေးဘူးလို့ မြင်တယ်။



မြောက်ပိုင်းမဟာမိတ်အဖွဲ့
ခေါင်းဆောင်ပိုင်းတဦး

ရည်ရွယ်ချက်နဲ့ဆိုင်မယ်လို့ထင်တယ်။ EAOs တွေရဲ့ရည်ရွယ်ချက်၊ NUG ရည်ရွယ်ချက် ဒါတွေပေ့ါ။ အပေါ်ယံမှာတော့ ဒီမိုကရေစီ ဖက်ဒရယ်ရရှိရေး ဆိုတာကို အားလုံးက ပြောထားတာ ရှိပါတယ်။ တကယ့်အတွင်းထဲမှာတော့ တိုင်းရင်းသားတွေရဲ့လိုလားချက်တွေ၊ နိုင်ငံရေးအခွင့်အရေးတွေနဲ့ NUG/CRPHရဲ့ ရည်ရွယ်ချက်၊ နိုင်ငံရေးပန်းတိုင်တွေနဲ့ တူညီမှုရှိရင် လက်တွဲပြီးတော့ တိုက်ပွဲကြီးတွေ ဖြစ်လာနိုင်ပါတယ်။ မတူညီရင်တော့ စစ်ရေးပူးပေါင်းမှုတွေက အခက်အခဲရှိမယ်လို့ ထင်ပါတယ်။

## ■ မေးခွန်း(၅)

EAOs များ၏ ငြိမ်းချမ်းရေးအတွက် အားထုတ်မှုနှင့် နွေဦးတော်လှန်ရေး ဦးတည်ချက်များအောင်မြင်ရန် အားထုတ်မှုများ ဆုံချက်ကျပြီး ပြည်ထောင်စုသစ် တည်ဆောက်ရေးအတွက် မျှော်လင့်နိုင်ပြီဟု ယူဆပါသလား။




နှစ် ၇၀ ကျော်ကြာ မြန်မာ့ပြည်တွင်းစစ်မှာ EAOs တွေရဲ့ ငြိမ်းချမ်းရေးအတွက် အားထုတ်မှုဟာ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ဖြစ်ပါတယ်။ စစ်အာဏာရှင် စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှု နွေဦးတော်လှန်ရေးရဲ့ ဦးတည်ချက်တွေထဲမှာ အကြောင်းအချက်ငါးရပ် ပါဝင်ပြီး အာဏာသိမ်း စစ်ကောင်စီ ပြုတ်ကျရေး၊ နိုင်ငံတော်သမ္မတဦးဝင်းမြင့်နဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အခြား ဖမ်းဆီးခံထားရသူတွေ ပြန်လွှတ်ပေးရေး၊ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေး၊ ရွေးကောက်ခံ တရားဝင် အစိုးရသစ် ဖွဲ့စည်းနိုင်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ထွန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး တို့ ဖြစ်ပါတယ်။ ဒါကြောင့်လက်ရှိအချိန်မှာ **‘EAOs တွေရဲ့ ငြိမ်းချမ်းရေးအတွက် အားထုတ်မှုနဲ့ နွေဦးတော်လှန်ရေး ဦးတည်ချက်တွေ အောင်မြင်ဖို့ အားထုတ်မှုတွေ ဆုံချက်ကျပြီး ပြည်ထောင်စုသစ် တည်ဆောက်ဖို့အတွက် မျှော်လင့်နိုင်ပြီလား’**ဆိုတာက အဓိက ကျတဲ့ မေးခွန်းတခုဖြစ်ပါတယ်။

ဒီမေးခွန်းကို ဖြေဆိုကြရာမှာ မဖြစ်နိုင်သေးဘူးလို့ ယူဆမှုက **၄၇ ရာခိုင်နှုန်း** ရှိပါတယ်။ **၃၈ ရာခိုင်နှုန်း**ကတော့ မျှော်လင့်နိုင်ပြီလို့ ယူဆခဲ့ပါတယ်။ **၁၅ ရာခိုင်နှုန်း**က ဖြေကြားလိုခြင်း မရှိခဲ့ပါဘူး။ မျှော်လင့်နိုင်ပြီလို့ ယူဆကြသူတွေက ဗမာပြည်မက ပြည်သူတွေဟာ တိုင်းရင်းသားတွေကြုံနေခဲ့ရတဲ့ အခက်အခဲ၊ ဒုက္ခတွေနဲ့ ခံစားချက်တွေကို အခုကာလမှာ အတိုင်းအတာတခုအထိ နားလည်လာကြတယ်၊ ဒါကြောင့် စစ်အာဏာရှင် စနစ် တိုက်ဖျက်ရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် ဆုံချက်က

ရှိနေပြီလို့ ပြောကြပါတယ်။ တဖက်မှာလည်း မျှော်လင့်ဖို့ မဖြစ်နိုင်သေးဘူးလို့ ယူဆကြရတာဟာ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး ရည်မှန်းချက်တွေ တူပေမယ့် ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် သဘောတူညီမှု မရှိသေးတာ၊ အထူးသဖြင့် အာဏာသိမ်းပြီးနောက်ပိုင်း ပေါ်ပေါက်လာတဲ့ ဗမာပြည်မက တော်လှန်ရေး အဖွဲ့အစည်းတွေနဲ့ EAOs တွေအကြား ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (Federal Charter) နဲ့ ပတ်သက်လို့ သဘောထား တထပ်တည်းမကျသေးတာ အစရှိတဲ့ အချက်တွေကို ထောက်ပြဆွေးနွေးကြပါတယ်။

မေးခွန်း(၅)ဖြစ်သော **'EAOs များ၏ ငြိမ်းချမ်းရေးအတွက်အားထုတ်မှုနှင့် နွေဦးတော်လှန်ရေး ဦးတည်ချက်များ အောင်မြင်ရန် အားထုတ်မှုများ ဆုံချက်ကျပြီး ပြည်ထောင်စုသစ် တည်ဆောက်ရေးအတွက် မျှော်လင့်နိုင်ပြီဟု ယူဆပါသလား'** ကို ဖြေဆိုခဲ့သူတဦးချင်းစီ၏ သဘောထားများဖြစ်ပါသည်။ ၎င်းတို့အနက် အမည်နှင့် သီးခြားမှတ်ချက်ပေးမှုအား ထုတ်ဖော်ခွင့်ပေးထားသူများ၏ မှတ်ချက်များကိုလည်း အလျဉ်းသင့်ရာ ကောက်နုတ်ဖော်ပြပေးပါမည်။



## IN THEIR OWN WORDS

မေးခွန်း(၅)ဖြစ်သော **‘EAOs များ၏ ငြိမ်းချမ်းရေးအတွက် အားထုတ်မှုနှင့် နွေဦးတော်လှန်ရေး ဦးတည်ချက်များအောင်မြင်ရန် အားထုတ်မှုများ ဆုံချက်ကျပြီး ပြည်ထောင်စုသစ် တည်ဆောက်ရေးအတွက် မျှော်လင့်နိုင်ပြီဟု ယူဆပါသလား။’** မေးခွန်းအတွက် သီးခြားမှတ်ချက် ပေးခဲ့သည် များထဲမှ အလျဉ်းသင့်ရာ ကောက်နုတ်ချက်များဖြစ်ပါသည်။



ရှမ်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်တဦး

မူဝါဒပိုင်းအရ ဗမာပြည်မက မောင်နှမတွေဟာ တောင်ပေါ်ဒေသကလူတွေရဲ့ခံစားချက်တွေ၊ ဒုက္ခတွေ၊ ရပ်တည်ချက်တွေကို နားလည်မှု မရှိခဲ့ဘူး။ အခုကျတော့ သူတို့ ခံစားချက်က ကျနော်တို့နဲ့ ထပ်တူ ကျပါတယ်။ ချုပ်လိုက်ရင်တော့ ဆုံချက်ကတော့ ရှိနေပြီ။ ဒါပေမဲ့ ဘယ်လိုသွားမယ်ဆိုတာကတော့ အချိန်ယူရမယ်။ ပူးပေါင်းဆောင်ရွက်မှုတွေ၊ အားစိုက်မှုတွေ၊ စွန့်စားမှုတွေ လိုအပ်တယ်ဆိုတာတော့ ပြောလို့ရပါတယ်။



**ဆလိုင်းထက်နီ**
CNF ၏
ပြောရေးဆိုခွင့်ရှိသူ

မမျှော်လင့်နိုင်သေးပါဘူး၊ ဒါပေမဲ့ အားထုတ်မှု တဖြည်းဖြည်း တိုးတက်နေတယ်လို့ ပြောချင်ပါတယ်။



**ဗိုလ်မှူးချုပ် တာဘုန်းကျော်**
PSLF/TNLA ၏
အထွေထွေအတွင်းရေးမှူး

ဒီမိုကရေစီ စတင်ဖော်ဆောင်မယ်လို့ ပြောလာတဲ့ကာလ ဦးသိန်းစိန် USDP ကာလပဲဖြစ်ဖြစ်၊ ဒေါ်အောင်ဆန်းစုကြည် NLD ဦးဆောင်တဲ့အစိုးရပဲဖြစ်ဖြစ် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတွေပေါ်မှာထားတဲ့ သဘောထားတွေက တော်တော်လေးကို အားနည်းချက်တွေ သိပ်များလွန်းတော့ ကျနော်ထင်တယ် ကျနော်တို့ကြားထဲမှာလည်း နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ယုံကြည်မှုတွေက အရမ်းကိုပျက်ပြားနေပြီ၊ ဒါကြောင့်မို့ ပြည်ထောင်စုတွေကို တကယ် ဦးတည်နေဖို့ သွားနိုင်လား၊ မသွားနိုင်ဘူးလားဆိုတာ တော်တော်လေး ပြောဖို့ခက်တယ်၊ တကယ် လောလောဆယ် အခြေနေအရပြောမယ်ဆိုရင် ပြည်ထောင်စု မျှော်လင့်ချက်က တော်တော်လေး ဖရိုဖရဲဖြစ်နေတယ်လို့ပဲ ကျနော်မြင်ပါတယ်။



**ဒေါ်စောမြရာဇာလင်း**
ရခိုင်ပြည် လွတ်မြောက်ရေးပါတီ၏
ဒုတိယဥက္ကဋ္ဌ (၃)

ကျမထင်တာကတော့ နိုင်ငံပြောင်းလဲမယ်ဆိုရင် အားလုံးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှုမျိုး ရှိမှသာလျှင် အကောင်းဆုံးသော နိုင်ငံကြီးတခုလုံး ပြုပြင်ပြောင်းလဲမှု ဖြစ်လာမယ်လို့ယုံတယ်။ ဒီမြန်မာနိုင်ငံအတွင်းမှာ ပါဝင်သင့်သူများအားလုံး ပါဝင်ပြီးတော့မှ ဒီနိုင်ငံကို ဘယ်လိုတည်ဆောက်မလဲဆိုတဲ့ ပုံစံမျိုးနဲ့ ဖော်ဆောင်ခြင်းကသာလျှင် ပိုပြီးကောင်းမွန်တဲ့ရလဒ်တခု ရလာမယ်လို့မြင်တယ်။ အားလုံးပါဝင်တဲ့ အခင်းအကျင်း ဖန်တီးဖို့လိုတယ်။

## ■ မေးခွန်း(၆)

စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ပိုမိုရှုပ်ထွေးသည့် ပဋိပက္ခအသစ်များကြောင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် နိုင်ငံတကာ၏ ကြားဝင်ကူညီမှုနှင့်ပံ့ပိုးမှုများ လျော့ပါးသွားမည်ဟု ယူဆပါသလား။




မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ နိုင်ငံတကာရဲ့ ကြားဝင်ကူညီမှုနဲ့ ပံ့ပိုးမှုတွေဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်တလျှောက် ငြိမ်းချမ်းရေး ဖော်ဆောင်မှုတွေမှာလည်း နိုင်ငံတကာရဲ့ ငွေကြေးပံ့ပိုးမှုနဲ့ နည်းပညာပိုင်းဆိုင်ရာ ကူညီမှုတွေဟာ အင်အားစုအသီးသီး၊ ဘက်အသီးသီးမှာ ရှိခဲ့ပါတယ်။ ရံဖန်ရံခါမှာ နှစ်ဖက် ပဋိပက္ခ အရှိန်လျှော့ချရေးနဲ့ ပြေလည်နိုင်ရေးကိစ္စတွေမှာပါ နိုင်ငံတကာ (အထူးသဖြင့် တရုတ်၊ ဂျပန် အစရှိသဖြင့်) ဝင်ရောက်ဆောင်ရွက်ပေးခဲ့တဲ့ ဖြစ်စဉ်တွေလည်း ရှိပါတယ်။ ဒီလို ကြားဝင်ကူညီမှုနဲ့ ပံ့ပိုးမှုတွေရှိခဲ့ပေမဲ့ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဟာ မျှော်မှန်းထားသလောက် ရှေ့မရောက်ခဲ့တဲ့အပြင်၊ စစ်အာဏာသိမ်းမှု ပေါ်ပေါက်ပြီး နောက်ပြန်လန်တဲ့ အခြေအနေ ဆိုက်လာပါတယ်။ တချိန်တည်းမှာပဲ လက်နက်ကိုင်အဖွဲ့ သစ်တွေ ဖြစ်တည်လာပြီး ပဋိပက္ခနယ်မြေသစ်တွေ ဖြစ်လာပါတယ်။ ဒါကြောင့် **'စစ်အာဏာသိမ်းမှုကြောင့် ဖြစ်လာသော ရှုပ်ထွေးတဲ့ပဋိပက္ခအသစ်တွေကြောင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် နိုင်ငံတကာရဲ့ကြားဝင်ကူညီမှုနဲ့ ပံ့ပိုးမှုတွေ လျော့သွားမလား'** ဆိုတာ အဓိကကျတဲ့မေးခွန်းတခု ဖြစ်လာပါတယ်။

ဒီမေးခွန်းကို ဖြေဆိုရာမှာ နိုင်ငံတကာရဲ့ ကူညီပံ့ပိုးမှုများ လျော့နည်းသွားမယ်လို့ ယူဆမှုက **၅၃ ရာခိုင်နှုန်း** ရှိပြီး အများဆုံးဖြစ်ပါတယ်။ မလျော့နည်းဘူးလို့ ယူဆမှုက **၃၁ ရာခိုင်နှုန်း** ရှိနေပြီး မဖြေလိုသူ **၁၆ ရာခိုင်နှုန်း** ရှိပါတယ်။ လျော့နည်းသွားမယ်လို့ ယူဆသူတွေက နိုင်ငံတကာအသိုင်းအဝိုင်းဟာ ငြိမ်းချမ်းရေးဖြစ်စဉ်တခုလုံးထက် နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းမှု၊ ကြားဝင်စေ့စပ်ရာမှာ တိုးတက်မှုရှိဖို့ကို လိုလားကြတယ်၊ နိုင်ငံရေးရလဒ်က ယုံကြည်နိုင်လောက်တဲ့ ဖြစ်ပေါ်တိုးတက်မှု (Credibility) မရှိရင် နိုင်ငံတကာက စိတ်ပျက်သွားနိုင်တယ်ဆိုပြီး ပြောကြပါတယ်။ လျော့သွားမယ် မထင်ဘူးလို့

ဖြေကြသူတွေကတော့ နိုင်ငံရေးတွေဆုံညှိနိုင်းမှုနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ တွဲလျက် ဖြစ်နေတာကြောင့် မလျော့နိုင်ဘူးလို့ ယူဆတာရှိသလို၊ လက်ရှိအခြေအနေကို ဘယ်လို ချဉ်းကပ်ဆောင်ရွက်ရမလဲဆိုတာအတွက် အချိန်ယူနေတာကြောင့် ယာယီလျော့နည်းတာဖြစ်ပြီး ပြန်တိုးတက်လာမယ်လို့ ယူဆတာလည်းရှိပါတယ်။ နိုင်ငံတကာလို့ ပြောရာမှာ တရုတ်ကိုတော့ သီးသန့်ဆွေးနွေးဖို့လိုအပ်ပြီး၊ တရုတ်နိုင်ငံဟာ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ အောင်မြင်အောင်ပံ့ပိုးခြင်းထက် မြန်မာနိုင်ငံရဲ့ တည်ငြိမ်ရေး (Stability) ကိုသာ အဓိကအာရုံစိုက်တာဖြစ်တယ်လို့လည်း ဆိုကြပါတယ်။

မေးခွန်း(၆)ဖြစ်သော **'စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ပိုမိုရှုပ်ထွေးသည့် ပဋိပက္ခအသစ်များကြောင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် နိုင်ငံတကာ၏ ကြားဝင်ကူညီမှုနှင့်ပံ့ပိုးမှုများ လျော့ပါးသွားမည်ဟု ယူဆပါသလား'** ကို ဖြေဆိုခဲ့သူ တဦးချင်းစီ၏ သဘောထားများဖြစ်ပါသည်။ ၎င်းတို့အနက် အမည်နှင့် သီးခြားမှတ်ချက်ပေးမှုအား ထုတ်ဖော်ခွင့်ပေးထားသူများ၏ မှတ်ချက်များကိုလည်း အလျဉ်းသင့်ရာ ကောက်နုတ်ဖော်ပြပေးပါမည်။



**IN THEIR OWN WORDS**

မေးခွန်း(၆)ဖြစ်သော **'စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ပိုမိုရှုပ်ထွေးသည့် ပဋိပက္ခအသစ်များကြောင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် နိုင်ငံတကာ၏ ကြားဝင်ကူညီမှုနှင့်ပံ့ပိုးမှုများ လျော့ပါးသွားမည်ဟု ယူဆပါသလား'** မေးခွန်းအတွက် သီးခြား မှတ်ချက် ပေးခဲ့သည်များထဲမှ အလျဉ်းသင့်ရာ ကောက်နုတ်ချက်များဖြစ်ပါသည်။



ဝါရင့် ရခိုင်နိုင်ငံရေးသမားတဦး

ယူဆပါတယ်။ အခု နိုင်ငံတကာ စိတ်ဝင်စားတာက ငြိမ်းချမ်းရေးထက် လောလောဆယ် တွေ့ဆုံဆွေးနွေးဖို့က ပိုအရေးကြီးတယ်ဆိုတဲ့ အချက်ပဲ။ တွေ့ဆုံဆွေးနွေးပြီးမှ ငြိမ်းချမ်းရေး ဖြစ်စဉ်လာမယ်။ အခုက စစ်တိုက်နေတယ်ဆိုတော့ ငြိမ်းချမ်းရေးဖြစ်စဉ်က မလွယ်ဘူး။ အဲဒီ တော့ နိုင်ငံတကာက စိတ်ပျက်သွားလိမ့်မယ်။



ရှမ်းတိုင်းရင်းသား
သုတေသီတဦး

လျော့သွားတဲ့အပိုင်းတွေ ရှိသလို တိုးလာနိုင်မယ့်အပိုင်းတွေ ရှိပါတယ်။ သေချာတာက ကြားဝင်ကူညီမှုနဲ့ ပံ့ပိုးမှုလုပ်နေတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေအနေနဲ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲအတွက် စိတ်ရင်းစေတနာအရင်းအခံနဲ့ ကူညီလိုစိတ် မရှိတော့ရင်တောင် အဖွဲ့အစည်းအသီးသီး ဆက်လက်တည်ရှိ လည်ပတ်နေနိုင်ဖို့အတွက် ဆက်လုပ်သွားကြမှာ ဖြစ်ပါတယ်။ တခုသတိထားရမှာကတော့ ကိုယ့်ကို လာကူညီနေတယ်လို့ ယေဘုယျအားဖြင့် ယူဆလို့ရပေမယ့် အခင်းအကျင်းတွေကို သေချာနားမလည်ဘဲ ကြားဝင်ကူညီပံ့ပိုးမှုတွေ လုပ်ကြလေ့ရှိတဲ့အတွက် သူတို့တွေရဲ့ပါဝင်မှုက မကူညီတဲ့အပြင် ပြဿနာတွေ၊ ပဋိပက္ခတွေ ပိုမိုရှုပ်ထွေးလာစေနိုင်ပါတယ်။



**ဦးကိုကိုကြီး**
ပြည်သူ့ပါတီ ဥက္ကဋ္ဌ

ကိုယ့်ပြဿနာကို ကိုယ် မရှင်းနိုင်ရင် နိုင်ငံတကာဆိုတာက သက်ဆိုင်ရာ နိုင်ငံတွေရဲ့ အကျိုးစီးပွားကို အခြေခံပြီးတော့ ချဉ်းကပ်ကြတာ။ ဒါကြောင့် နိုင်ငံတကာအခန်းကဏ္ဍက အရေးပါတယ်ဆိုပေမဲ့ ကာယကံရှင်တွေကိုယ်တိုင် မဖြေရှင်းနိုင်ဘဲနဲ့ ဖြေရှင်းချင်တဲ့ နိုင်ငံရေး ဆန္ဒ political will မရှိတဲ့အခါကျတော့ မပြေလည်နိုင်ဘူးလို့ မြင်တယ်။ နောက်တခုက တရုတ်လို အင်အားကြီးနိုင်ငံတွေနဲ့ အိမ်နီးချင်းဖြစ်နေတဲ့ နိုင်ငံတနိုင်ငံမှာ နိုင်ငံတကာရဲ့ချဉ်း ကပ်မှုတွေက အမြဲတမ်း အကန့်အသတ်ရှိတယ်လို့ ကျနော် နားလည်ထားပါတယ်။



**ဖဒိုမန်းမန်း**
KNU တွဲဖက်အထွေထွေ
အတွင်းရေးမှူးဟောင်း

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ရှုပ်ထွေးမှုတွေက ပိုရှင်းလာပါတယ်။ တည့်တည့်ဖြေရရင် တော့ နိုင်ငံတကာကြားဝင်စေ့စပ်မှုတွေက ဘယ်တော့မှ ဖြစ်မြောက်မှာမဟုတ်ဘူး။ အတိုင်း အတာတခုထိ ဘေးကနေပံ့ပိုးတဲ့အထိပဲ ရမှာဖြစ်ပါတယ်။ ပြည့်စုံလုံလောက်တဲ့ စေ့စပ် ညှိနှိုင်းမှုကို ဆောင်ရွက်နိုင်မှာမဟုတ်ဘူး။ တိုင်းရင်းသားပြည်သူလူထုနဲ့ တော်လှန်ရေး အဖွဲ့ အစည်းနဲ့ လူထုတိုက်ပွဲနဲ့ပဲ အဓိက တော်လှန်ရေးက အောင်မြင်မှာဖြစ်တယ်။ သို့သော်လည်းပဲ တော်လှန်ရေးပေါ်မှာ တနည်းတဖုံနဲ့ နိုင်ငံတကာက အသိအမှတ်ပြုအောင် ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ အသိအမှတ်ပြုလောက်တဲ့ အရည်အချင်းတွေနဲ့ အခြေအနေတွေရှိဖို့လည်း လိုမှာဖြစ်တယ်။

## မေးခွန်း(၇)

ပြည်တွင်းစစ်နှင့် လက်ရှိ ကျယ်ပြန့်လာသည့် ပဋိပက္ခများကြောင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တိုင်းပြည်ပြိုကွဲရေးအခြေအနေ ကျရောက်သွားနိုင်သည်ဟု ယူဆပါသလား။




စစ်အာဏာသိမ်းမှုကြောင့် လက်နက်ကိုင် ပဋိပက္ခတွေဟာ ပိုမိုကျယ်ပြန့်လာပြီး အရင်က တိုက်ပွဲမဖြစ်ခဲ့တဲ့ နေရာတွေမှာပါ တိုက်ပွဲတွေ ဖြစ်လာပါတယ်။ စစ်အာဏာရှင် စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုနဲ့အတူ 'လုံးဝ အုပ်ချုပ်၍မရစေရ' ဆိုတဲ့ လှုပ်ရှားမှုတွေကလည်း ဆက်ရှိနေပြီး၊ ဒီအပေါ်မှာ စစ်ကောင်စီဘက်က အင်အားသုံး ဖိနှိပ်ချေမှုန်းတာတွေကို ဆက်လုပ်နေပါတယ်။ တချိန်တည်းမှာပဲ စစ်ကောင်စီပစ်မှတ်တွေကို ဗုံးခွဲတိုက်ခိုက်တာ၊ လုပ်ကြံသတ်ဖြတ်တာတွေလည်း အရှိန်ကောင်းစွာ ပေါ်ပေါက်လာပါတယ်။ နယ်မြေစိုးမိုးမှုနဲ့ စစ်ရေးအရ လွှမ်းမိုးမှုရအောင် စစ်ကောင်စီက နည်းပေါင်းစုံသုံး လုပ်နေပေမဲ့ အရပ်ဘက်အုပ်ချုပ်ရေး တည်ထောင်နိုင်ဖို့ အခက်ကြုံနေပါတယ်။ တခါ NCA ကို အခြေခံတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ရပ်ဆိုင်းနေပြီး ဖက်ဒရယ်ထက် ကွန်ဖက်ဒရေးရှင်းကို လိုလားတဲ့ အင်အားကြီး EAOs တချို့ကလည်း အခြေအနေကို စောင့်ကြည့်နေပုံရပါတယ်။ ဒီအနေအထားမှာ **'ပြည်တွင်းစစ်နဲ့ လက်ရှိကျယ်ပြန့်လာတဲ့ ပဋိပက္ခတွေကြောင့် နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့တိုင်းပြည်ပြိုကွဲရေးအခြေအနေကျရောက်သွားနိုင်သလား'** ဆိုတာ အဓိကကျတဲ့မေးခွန်းတခု ဖြစ်စေပါတယ်။

ဒီမေးခွန်းကို ဖြေဆိုရာမှာ ဖြစ်သွားနိုင်တယ်ဆိုတဲ့ ယူဆမှုက **၆၉ ရာခိုင်နှုန်း**ရှိပြီး များပြားတဲ့ပမာဏ ဖြစ်ခဲ့ပါတယ်။ မဖြစ်နိုင်ဘူးလို့ ယူဆမှုက **၂၅ ရာခိုင်နှုန်း**ရှိပြီး၊ မဖြေလိုသူ **၆ ရာခိုင်နှုန်း** ရှိပါတယ်။ တိုင်းပြည် ပြိုကွဲနိုင်တယ်လို့ ယူဆကြရာမှာ ၁၉ ရာစုနှောင်းပိုင်း တရုတ်နိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့ ပုံစံမျိုးကို ရည်ညွှန်းကြပါတယ်။ တနိုင်ငံလုံးအနေနဲ့ လွှမ်းမိုးထိန်းချုပ်ထားနိုင်စွမ်း မရှိသော်လည်း ဒေသအလိုက် လက်နက်ကိုင်တပ်ဖွဲ့တွေ ဖွဲ့စည်းတည်ထောင် အုပ်ချုပ်ကြတဲ့ စစ်ဘုရင်ခေတ် (Chinese Warlords Era) လို ဖြစ်သွား

နိုင်တယ်လို့ မှန်းဆကြပါတယ်။ တခါ ၁၉၉၀ ပြည့်လွန်နှစ်တွေက အရှေ့ဥရောပဒေသမှာ ဖြစ်ပွားခဲ့တဲ့ ဘော်လကန်ကျွန်းဆွယ်ဒေသ နိုင်ငံငယ်များ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲကြပြီး နိုင်ငံငယ်များအချင်းချင်း စစ်မက်ဖြစ်ပွားခြင်း (Balkanization) လို အခြေအနေ ဖြစ်သွားနိုင်တယ်လို့ မှန်းဆတာလည်း ရှိကြပါတယ်။ မဖြစ်နိုင်ဘူးလို့ ယူဆကြသူတွေကတော့ ပင်လုံစာချုပ်အပေါ် အမှန်တကယ် ယုံကြည်နေသမျှ ဆက်သွားနိုင်ခြင်း၊ EAOs တချို့ကလွဲပြီး အများစုက ဖက်ဒရယ်ဒီမိုကရေစီကိုသာ လိုလားကြခြင်း စတဲ့ အချက်တွေကြောင့် ဖြစ်သလို နယ်မြေအသီးသီးက အဖွဲ့အစည်းတွေကသာ ခွဲထွက်ဖို့ ဆုံးဖြတ်ထားရင် တိုင်းပြည်ပြိုကွဲမှုဟာ အရင်ကတည်းက ဖြစ်ပွားပြီးခဲ့ပြီလို့လည်း ပြောဆိုကြပါတယ်။

မေးခွန်း(၇)ဖြစ်သော **'ပြည်တွင်းစစ်နှင့် လက်ရှိ ကျယ်ပြန့်လာသည့် ပဋိပက္ခများကြောင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တိုင်းပြည်ပြိုကွဲရေးအခြေအနေ ကျရောက်သွားနိုင်သည်ဟု ယူဆပါသလား'** ကို ဖြေဆိုခဲ့သူ တဦးချင်းစီ၏ သဘောထားများဖြစ်ပါသည်။ ၎င်းတို့အနက် အမည်နှင့် သီးခြားမှတ်ချက်ပေးမှုအား ထုတ်ဖော်ခွင့်ပေးထားသူများ၏ မှတ်ချက်များကိုလည်း အလျဉ်းသင့်ရာ ကောက်နုတ်ဖော်ပြပေးပါမည်။



**IN THEIR OWN WORDS**

မေးခွန်း(၇)ဖြစ်သော **'ပြည်တွင်းစစ်နှင့် လက်ရှိ ကျယ်ပြန့်လာသည့် ပဋိပက္ခများကြောင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တိုင်းပြည်ပြိုကွဲရေး အခြေအနေ ကျရောက်သွားနိုင်သည်ဟု ယူဆပါသလား'** မေးခွန်းအတွက် သီးခြားမှတ်ချက် ပေးခဲ့သည်များထဲမှ အလျဉ်းသင့်ရာ ကောက်နုတ်ချက်များဖြစ်ပါသည်။



**ဦးအောင်ဆန်းမြင့်**

KNPP ၏ အတွင်းရေးမှူး (၂)

ဒီထက် အခြေအနေဆိုးလာရင်တော့ တိုင်းပြည်ပြိုကွဲရေးအထိ ဖြစ်သွားနိုင်တဲ့ အနေအထားမျိုးရှိပါတယ်။ အဲဒီအခြေအနေ မရောက်ခင်မှာ နိုင်ငံတကာကနေ ကြားဝင်ထိန်းပေးတဲ့ အနေအထားမျိုးတခုကိုတော့ De jure ရှိတဲ့သူတွေရော De facto ရှိတဲ့သူတွေကရော ဝိုင်းပြီးတော့ တွန်းပေးဖို့ လိုအပ်တာပေါ့။ ဘယ်သူကမှ ကြားမဝင်ဘူးဆိုလို့ကတော့ အဲဒီအခြေအနေကို ရောက်ရှိသွားနိုင်တယ်။ ဒါပေမဲ့လည်း အဲဒီအခြေအနေ မရောက်အောင် ကြိုးစားအားထုတ်ဖို့တော့ လိုအပ်တာပေါ့။



**စောကပီ**

Salween Institute for Public Policy ၏ ဒါရိုက်တာ

အခုကလည်း အတင်းအဓမ္မ စုစည်းထားတဲ့ တိုင်းပြည်ပါ။



**ဗိုလ်မှူးကြီး ခွန်ဥက္ကာ**

PNLO ၏ နာယကနှင့် PPST ဦးဆောင်အဖွဲ့ဝင်

မယူဆပါဘူး။ တိုင်းပြည်ပြိုကွဲဖို့လည်း မဖြစ်နိုင်သေးဘူး။ ဘာကြောင့်လဲဆိုတော့ အခုအခြေအနေကို အခွင့်ကောင်းယူပြီးတော့ confederation လို့ ပြောနေကြတာ။ အဲဒီလိုပြောတာက တော်လှန်ရေး အနှစ် ၇၀ မှာ ပြောတဲ့သူတွေပဲ။ သီးခြားလက္ခဏာတို့ confederation တို့ လွတ်လပ်ရေးတို့ အဲဒီအစုအဖွဲ့တွေက အလုပ်မဖြစ်ပါဘူး။ အနိမ့်ဆုံးအဆင့် တန်းတူရေး အခြေခံပေါ်မှာ တည်ဆောက်တဲ့ ဖက်ဒရယ်စနစ်က အကောင်းဆုံးပါပဲ။ ဖက်ဒရယ်ထဲမှာမှ ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်ထောင်စုထဲမှာကျင့်သုံးရင် အကောင်းဆုံး။ အလယ်အလတ်ဖြစ်တဲ့ ဖက်ဒရယ်နဲ့ ဒီမိုကရေစီစနစ် ပေါင်းစပ်ထားတာက တိုင်းပြည်အတွက် အကောင်းဆုံး။ အဲဒါပါပဲ။ ကျနော့်ရဲ့နှစ် ၅၀ အတွေ့အကြုံနဲ့ သုံးသပ်ပြတာ။



**ဒေါ်စောမြရာဇာလင်း**

ရခိုင်ပြည် လွတ်မြောက်ရေးပါတီ၏ ဒုတိယဥက္ကဋ္ဌ (၃)

အခု မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေက လုံးဝကို စိတ်မချမ်းမြေ့ဖွယ် အနေအထားကို ရောက်နေတယ်။ တိုင်းပြည်ငြိမ်းချမ်းအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ စဉ်းစားချက်တွေအတွက် လမ်းပွင့်အောင် အရင်ဖွင့်ဖို့လိုတယ်။ လမ်းပွင့်အောင်ဖွင့်ဖို့အတွက် ကျမတို့ EAOs တွေဘက်က ၁ဝဖွဲ့ညီဖို့အတွက် စဉ်းစားတယ်။ တဖက်မှာလည်းပဲ ကျမတို့က အာဆီယံနိုင်ငံတွေဘက်ကို ချဉ်းကပ်ပြီး ကြိုးပမ်းနေတဲ့အပိုင်းတွေ ရှိတယ်။ နိုင်ငံတခုလုံး ဖောက်ထိုးမှောက်ခုံ ဖြစ်လို့တဲ့ ဆန္ဒ ကျမတို့မှာမရှိဘူး။ ကျမတို့ဟာ ငြိမ်းချမ်းရေးကို ရအောင်သွားဖို့ တွန်းပို့နိုင်တဲ့လမ်းကို ရှာချင်နေတဲ့သူတွေ ဖြစ်တယ်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မေးသင့်မေးထိုက်သည်များကို မေးခွန်းထုတ်ခြင်းသည် ကြုံတွေ့နေရသော အကျပ်အတည်းများအား ဖြေရှင်းနိုင်ရန် ပထမခြေလှမ်းအားထုတ်မှု ဖြစ်ကောင်းပါသည်။ ထို့ကြောင့် ပဏာမအနေဖြင့် **ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူများ၊ သုတေသီများနှင့် လေ့လာသုံးသပ်သူ ၃၂ ဦးအား ISP-Myanmar က မေးခွန်း ၇ ခု မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။** ယခု မေးမြန်းချက်၏ အဖြေများကို ယတိပြတ်အဖြစ် မှတ်ယူသည်ထက် ဆက်လက်စဉ်းစား ဆင်ခြင်နိုင်ရေးအတွက် အညွှန်းပြုစရာ အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

NCA ခြောက်နှစ်ပြည့်နှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အထူးကဏ္ဍ (Special Features) အဖြစ် အကြောင်းအရာငါးခုကို အပိုင်းလိုက်ခွဲ၍ ISP-Myanmar က ဖော်ပြနေခြင်းဖြစ်ပါသည်။ ပထမဆုံးအနေဖြင့် **'မြန်မာ့ငြိမ်းချမ်းရေး ဖြစ်တန်ခြေများအား ဖြန့်ထွက်စဉ်းစားခြင်း'** (Scenario Thinking) ကို အောက်တိုဘာ ၁၇ ရက်တွင် ဖော်ပြခဲ့ပြီး၊ **'မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် – အခင်းအကျင်းသစ်နှင့် အသစ်အသစ်သော အင်အားစုများ'** အကြောင်း ပိုင်းခြားစိတ်ဖြာသုံးသပ်ချက် (Analysis) ကို အောက်တိုဘာ ၂၀ ရက်က ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုဖော်ပြချက်များကို www.ISPMyanmar.com/Burmese နှင့် ISP-Myanmar Facebook စာမျက်နှာများတွင် ဖတ်ရှုနိုင်ပါသည်။